မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇူလိုင် ၂၄ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၉၁)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာ့စက်မှုထုတ်ကုန်ပြပွဲ - ၂၀၁၁ ၌ အမှတ်(၂) စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သော စက်ယန္တရားကြီးများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာ့စက်မှုထုတ်ကုန်ပြပွဲ - ၂၀၁၁ ၌ ပြသထားသော မြန်မာ့စက်မှုထုတ်ကုန်ပစ္စည်းများ ကြည့်ရှုအားပေး

နေပြည်တော် ဇူလိုင် ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာ့စက်မှုထုတ်ကုန်ပြပွဲ-၂၀၁၁ ၌ ခင်းကျင်းပြသထားသော မြန်မာ့စက်မှုထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုအားပေးသည်။

ကြိုဆို

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နံနက် ၉ နာရီတွင် မြန်မာ့စက်မှုထုတ်ကုန်ပြပွဲ-၂၀၁၁ ကျင်းပရာ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနသို့ ရောက်ရှိလာရာ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း၊ ပြည်ထောင်စု ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ◆

နိုင်ငံတော် သမ္မတ ဦးသိန်းစိန် မြန်မာ့စက်မှုထုတ်ကုန်ပြပွဲ - ၂၀၁၁ ၌ အမှတ်(၂) စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သော စက်ပစ္စည်း အစိတ်အပိုင်းများကို ကြည့်ရှုအားပေးစဉ်။
(သတင်းစဉ်)

24-7 (01).pmd 1 7/24/2011, 2:05 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဇူလိုင် ၂၄ ရက်)

ရေသယံဇာတများ အရှည်တည်တံ့ရေး ဝိုင်းဝန်းထိန်းသိမ်း

မြန်မာနိုင်ငံတွင် သဘာဝကပေးထားသည့် မြေသယံဇာတ၊ ရေသယံဇာတအရင်းအမြစ်များဖြင့် ပေါကြွယ်ဝလျက်ရှိသည်။ ယင်းသဘာဝအရင်းအမြစ်များကို အကျိုးရှိစွာအသုံးချ၍ နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းစွမ်းဆောင်လျက်ရှိကြသည်။

ယခုအခါ နိုင်ငံအတွင်း သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားပြည်သူများ သားငါးစားသုံးမှု အပြည့်အဝရရှိရေး၊ ပြည်ပပို့ကုန် တိုးမြှင့်နိုင်ရေးတို့ကို ကြိုးပမ်းလျက်ရှိသည်။

ယခုကဲ့သို့ မိုးဖြိုင်ဖြိုင်ရွာသော ကာလများတွင် မြစ်၊ ချောင်း၊ အင်း၊ အိုင်အနှံ့အပြား၌ မျိုးရည်ပြည့်ဝနေသော ငါးကြီးများနှင့် ဥများပြည့်နေသော ငါးမကြီးများသည် ဥချရန် နေရာရှာဖွေ၍ ငါးရစ်တက်ကြသည်။ ငါးရစ်တက်ငါးများကို ဖမ်းဆီးခြင်းဖြင့် ပေါက်ပွားလာမည့် သန်းပေါင်းများစွာသော ငါးသားပေါက်လေးများ သေကျေပျက်စီးကာ တစ်နိုင်ငံလုံးစားသုံးမှုဖူလုံရေးနှင့် သားငါးကဏ္ဍ ထုတ်ကုန်တိုးတက်ရေးကို ထိခိုက်နိုင်ပေသည်။

"ငါးရစ်ငါးသန် ဘေးမဲ့ချန်၊ ပုံမှန်စားသုံး မျိုးမသုဉ်း"၊ "ဥနဲ့ငါးကို ပွားစေလို ငါးရစ်ဆိုမဖမ်းနှင့်" ဟူသော ဆောင်ပုဒ်များအရ ငါးမျိုးမသုဉ်းရန်၊ ငါးစားသုံးမှု အခက်အခဲမရှိရန် ရေလုပ်ငန်းဆောင်ရွက်နေသူများနှင့် ပြည်သူများအနေဖြင့် သက်ဆိုင်ရာဌာနက ထုတ်ပြန်ထားသော နှိုးဆော်ချက်များကို လိုက်နာကြရမည်ဖြစ်သည်။ ငါးရစ်တက်ငါးများကို ဖမ်းဆီးမိပါက ပေါက်ပွားလာမည့်ငါးများ မျိုးသုဉ်းပျောက်ကွယ်သွားမည်ဖြစ်သည်။ ထို့ကြောင့် ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော ယခုလိုမိုးရာသီအချိန်တွင် လွတ်လပ်စွာ ဥချသားပေါက်နိုင်ရန် ဘေးမဲ့ပေးကြရမည်ဖြစ်သည်။

ယနေ့အချိန်တွင် ငါးစားသုံးမှု ဖူလုံစေရန်နှင့် ရိက္ခာပြည့်စုံကြွယ်ဝရေးအတွက် ခေတ်မီငါးမွေးမြူရေးနည်းများကို အသုံးပြုလာခြင်းကြောင့် ငါးမျိုးကောင်းမျိုးသန့်များကို ရရှိလာခဲ့သည်။ ခေတ်မီနည်းစနစ်များ အသုံးပြု၍ ငါးသားဖောက်ခြင်းများကိုလည်း ဆောင်ရွက်ခဲ့ရာ အောင်မြင်လျက်ရှိသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ ရေသယံဇာတများကို ထိန်းသိမ်းသည့်အနေဖြင့် သားငါးကဏ္ဍပိုမိုဖွံ့ဖြိုးရန်၊ ငါးစားသုံးမှု ဖူလုံကြွယ်ဝရန်အတွက် သက်ဆိုင်ရာဌာနများ၏ သတိပေးတားမြစ်ချက်များကို လိုက်နာကြရန် ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ထမ်းများအား ဝတ်စုံပေးအပ်ပွဲကျင်းပ

ပခုက္ကူ ဇူလိုင် ၂၃

ပခုက္ကူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား ဝတ်စုံပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၂၂ ရက် မွန်းလွဲ ၁ နာရီခွဲက ပခုက္ကူမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ရီက အမှာစကားပြောကြားသည်။ ထို့နောက် ဝန်ထမ်း ၂၇ ဦးအတွက် ဝတ်စုံများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)**

(၁၀၂)

မူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲ
သံဖြူဇရပ်မြို့နယ်၌ကျင်းပ

သံဖြူဇရပ် ဇူလိုင် ၂၃

သံဖြူဇရပ်မြို့နယ် ပငကျေးရွာအုပ်စု ပငရွာဟောင်း အခြေခံပညာမူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲကို ဇူလိုင် ၂၀ရက် နံနက်ပိုင်းက အဆိုပါ ကျောင်းဆောင်သစ်ရှေ့၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဒေါ်ရွှေမိနှင့် ပငကျေးရွာအုပ်ချုပ်ရေးမှူး ဦးသိန်းတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

လွှဲပြောင်းပေးအပ်

ထို့နောက် ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်းနှင့်ပတ်သက်သော စာရွက်စာတမ်းများကို မိုးကျော်ဆောက်လုပ်ရေးမှ တာဝန်ရှိသူတစ်ဦးက မြို့နယ်ပညာရေးမှူးထံသို့ လွှဲပြောင်းပေးအပ်သည်။ အဆိုပါ ကျောင်းဆောင်သစ်မှာ ပေ (၃၀×၉၀) တစ်ထပ်ကျောင်းဆောင်ဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သိပ္ပံနည်းကျပေါင်စနစ်ဖြင့် စိုက်ပျိုးနည်း
ရသေ့တောင်၌ သရုပ်ပြ

ရသေ့တောင် ဇူလိုင် ၂၃

ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် သိပ္ပံနည်းကျပေါင်စနစ်ဖြင့် စပါးစိုက်ပျိုးနည်း သရုပ်ပြပွဲကို ဇူလိုင် ၁ ရက်က စစ်တွေခရိုင် ရသေ့တောင်မြို့နယ် အရှေ့မြောက်ရပ်ကွက်ရှိ ကွင်းအမှတ်(၄၁၂/ ဃ)လယ်သမားကြီး ဦးဘစိုးရီ လယ်မြေ၌ ကျင်းပသည်။ အဆိုပါသရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးကျော်လှိုင်စိုးနှင့် ဝန်ထမ်းများ၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ မြို့နယ်တာဝန်ခံများ၊ စံပြကွက်စိုက်ပျိုးမည့် တောင်သူလယ်သမားများ တက်ရောက်ကြပြီး မြို့နယ်မန်နေဂျာက သိပ္ပံနည်းကျ စိုက်ပျိုးနည်းအချက် (၁၄)ချက်ကို အသေးစိတ်ရှင်းလင်းဆွေးနွေးပြောကြားကာ မြန်မာ့စိုက်ပျိုးရေး ဝန်ထမ်းများက တောင်သူလယ်သမားများအား လက်တွေ့စိုက်ပျိုးသရုပ်ပြခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဇူလိုင် ၁၉ ရက်က မော်ဘီမြို့နယ် မြို့မဈေးအတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများအတွင်းရှိ အမှိုက်၊ သဲ၊ နုန်းများ ဆယ်ယူခြင်းကို အမှုဆောင်အရာရှိ ဦးရဲမင်းကျော်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်ဦးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

ဗန်းမော်မြို့တွင်း ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

ဗန်းမော် ဇူလိုင် ၂၃

ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်း မိုးရာသီရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အမှတ်(၂)ဈေးရှေ့ ဆင်ဖြူရှင်လမ်းနှင့် လက်ပန်တန်းလမ်းဘေးရှိ ရေနုတ်မြောင်းများအား သန့်ရှင်းရေးဌာနစိတ်ဝန်ထမ်းများဖြင့် တူးဖော်ရှင်းလင်းနေမှုကို ဇွန် ၁၉ ရက်က ဦးစီးအရာရှိ ဦးမြင့်ဦးနှင့် ဒုတိယဦးစီးမှူး(သန့်ရှင်းရေး) ဦးကျော်ကျော်ခိုင်တို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ မြေပုံမြို့၌ ကျင်းပ

မြေပုံ ဇူလိုင် ၂၃

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂ ရက် နံနက် ၇ နာရီက မြေပုံမြို့ ပြည်လုံးချမ်းသာ ဘုရားကုန်းတော်တွင် ကျင်းပသည်။

စုပေါင်းစိုက်ပျိုး

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် မြေပုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်သန်းနှင့် မြို့နယ်သစ်တောဦးစီးဌာနဦးစီးမှူး ဦးမျိုးနိုင်တို့ ဦးဆောင်၍ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့ပေါ်ရပ်ကွက်ပြည်သူများက ကျွန်း၊ ပျဉ်းကတိုးနှင့် ယူကလစ်ပျိုးပင် ၁၂၀၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာ့စက်မှုထုတ်ကုန်ပြပွဲ-၂၀၁၁၌ အမှတ်(၂) စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သော LED များနှင့် Solar ပြားများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

◆ *ရှေ့ဖုံးမှ*

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များနှင့်အတူ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာနဥပစာ၌ အမှတ်(၂) စက်မှုဝန်ကြီးဌာန အမှတ်(၁) အထွေထွေအကြီးစားစက်မှုလုပ်ငန်းမှ ထုတ်လုပ်သော လူစီးမော်တော်ယာဉ်များနှင့် ကုန်တင်ယာဉ်ကြီးများ၊ စက်ယန္တရားကြီးများတွင် အသုံးပြုရသောအင်ဂျင်အမျိုးမျိုး၊ စက်ပစ္စည်းအစိတ်အပိုင်းများနှင့် အင်ဂျင်အစိတ်အပိုင်းများ၊ ကုန်တင်ရထားတွဲပစ္စည်းအစိတ်အပိုင်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးစက်ယန္တရားကြီးများနှင့် လယ်ယာသုံးစက်ပစ္စည်းကိရိယာများ ခင်းကျင်းပြသထားရှိမှုတို့ကို ကြည့်ရှုအားပေးသည်။

ကြည့်ရှုအားပေး

ထို့နောက် နိုင်ငံတော်သမ္မတသည် အမှတ်(၂)စက်မှုဝန်ကြီးဌာန အမှတ်(၂) အထွေထွေအကြီးစားစက်မှုလုပ်ငန်းမှထုတ်လုပ်သော စက်နှင့်စက်ကိရိယာများ ပြသထားရှိမှုကို ကြည့်ရှုအားပေးသည်။

ခင်းကျင်းပြသထား

ဆက်လက်၍ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်းမှထုတ်လုပ်သော ဆေးဝါးအမျိုးမျိုးနှင့်စားသောက်ကုန်များ၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၏ ပုဂ္ဂလိကစက်မှုလုပ်ငန်းများ မှတ်ပုံတင်ခြင်းနှင့်ပတ်သက်သော လုပ်ထုံး၊ လုပ်နည်းများ၊ လျှပ်စစ်ဥပဒေ၊ ဘွိုင်လာဥပဒေဆိုင်ရာ သိကောင်းစရာ အချက်အလက်များ၊ မြန်မာ့အိမ်သုံးပစ္စည်းလုပ်ငန်းမှ ထုတ်လုပ်သော အိမ်သုံးပစ္စည်းများ၊ မြန်မာ့ ကြွေထည်မြေထည်လုပ်ငန်းမှ မကြာမီဖွင့်လှစ်တော့မည့် မှန်စက်ရုံ စီမံကိန်း (ကျောက်ဆည်)စက်ရုံ ပုံစံငယ်နှင့် ထုတ်လုပ်မည့် အဆင့်မြင့်မှန်နမူနာများ၊ မြန်မာ့အထည်အလိပ်လုပ်ငန်းမှထုတ်လုပ်သော ချည်မျှင်နှင့်ပိတ်များ၊ အဝတ်အထည်များ၊ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း၏ တစ်နေ့တန် (၂၀၀)ကျ စက္ကူနှင့် ပျော့ဖတ်စက်ရုံ (သာပေါင်း) ပုံစံငယ်နှင့် စက်ရုံမှထုတ်လုပ်သော နိုင်ငံခြားအရည်အသွေးမီ အဆင့်မြင့်စက္ကူများ၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန အမှတ်(၂) အထွေထွေအကြီးစားစက်မှုလုပ်ငန်းမှထုတ်လုပ်သော Low Power LED များနှင့် High Power LED များ၊ ကျေးရွာမီးလင်းရေးအတွက် Solar စနစ်ဖြင့်ဆောင်ရွက်ထားသည့် Solar ပြားများ၊ မော်တော်ယာဉ်သုံး တာယာများအပါအဝင် စက်မှုထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုတို့ကို ကြည့်ရှုအားပေးသည်။

စည်ကားသိုက်မြိုက်

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ကြီးမှူးကျင်းပသည့် မြန်မာ့စက်မှုထုတ်ကုန်ပြပွဲ-၂၀၁၁ကို နိုင်ငံပိုင်စက်ရုံများမှထုတ်လုပ်သော ကုန်ပစ္စည်းများ၏ အရည်အသွေးအဆင့်အတန်းအား အများပြည်သူများ သိရှိနိုင်စေရန်နှင့် ဈေးကွက်ချဲ့ထွင်တိုးတက်ရရှိစေရန် ရည်ရွယ်၍ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ဇူလိုင် ၂၆ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

ပြပွဲတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာနအောက်ရှိ မြန်မာ့အထည်အလိပ်လုပ်ငန်း၏ ပိတ်အမျိုးမျိုး၊ ပန်းရိုက်ဆေးဆိုးထည်အမျိုးမျိုး၊ စက်ထိုးထည်များ၊ စွပ်ကျယ်၊ တီရှပ်၊ စပို့ရှပ်နှင့် ချုပ်ထည်များကိုလည်းကောင်း၊ မြန်မာ့ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်းမှ ထုတ်လုပ်ထားသော ဆေးဝါးများ၊ မြွေဆိပ်ဖြေဆေးများ၊ ငှက်ဖျားရောဂါကာကွယ်ကုသဆေးများ၊ သွေးကြောသွင်းဆေးရည်များ၊ အသည်းရောင်အသားဝါ (ဘီ) ကာကွယ်ဆေးများ၊ တိုင်းရင်းဆေးများ၊ တစ်ခါသုံးဆေးထိုးအပ်များ၊ အလှကုန်များ၊ အချိုရည်မျိုးစုံ၊ ပလတ်စတစ်ရေပိုက်နှင့်ပိုက်ဆက်ပစ္စည်းများအပါအဝင် ထုတ်ကုန်ပစ္စည်း ၁၉၅ မျိုးကိုလည်းကောင်း၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၏ ဘိလပ်မြေ၊ အုတ်နှင့် မီးခံအုတ်များ၊ မှန်နှင့်အဆင့်မြင့်ကြွေသီးများအပါအဝင် ထုတ်ကုန်ပစ္စည်း ၅၆ မျိုးကိုလည်းကောင်း၊ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း၏ ဟိုက်ဒရိုဂျင်ပါအောက်ဆိုက်၊ ဆပ်ပြာမှုန့်နှင့် ဆပ်ပြာရည်၊ စာအုပ်နှင့် စာရေးစက္ကူထုတ်ကုန်ပစ္စည်း ၅၃ မျိုးကိုလည်းကောင်း၊ မြန်မာ့အိမ်သုံးပစ္စည်းလုပ်ငန်း၏ စက်ဘီး၊ အပ်ချုပ်စက်၊ ကြွေရည်စိမ်နှင့် စတီးလ်အိမ်သုံးပစ္စည်းများ၊ ဖိနပ်နှင့် ပလတ်စတစ်ပစ္စည်းများအပါအဝင် ထုတ်ကုန်ပစ္စည်း ၅၁၃ မျိုးကိုလည်းကောင်း စုစုပေါင်း ထုတ်ကုန်ပစ္စည်း ၈၉၃ မျိုးကို လက်လီလက်ကား ဝယ်ယူလိုသူများအတွက် ခင်းကျင်းပြသထားသည်။

၇၂ မျိုး

ထို့အတူ အမှတ်(၂) စက်မှုဝန်ကြီးဌာနအောက်ရှိ အမှတ်(၁) အထွေထွေအကြီးစားစက်မှုလုပ်ငန်း၏ လူစီးမော်တော်ယာဉ်များနှင့် ကုန်တင်ယာဉ်ကြီးများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး စက်ယန္တရားကြီးများ၊ လမ်းကြိတ်စက်ကြီးများ၊ ဆန်စပါးစိုက်ပျိုးသည်မှ ဆန်အချောထွက်သည်အထိ အသုံးပြုရသော လယ်ယာသုံးစက်ပစ္စည်းကိရိယာများ၊ လယ်ယာလုပ်ငန်းခွင်သုံးသယ်ပို့ယာဉ်များ၊ အင်ဂျင်အမျိုးမျိုး၊ မော်တော်ယာဉ်စက်ပစ္စည်း အစိတ်အပိုင်းများနှင့် အင်ဂျင်အစိတ်အပိုင်းများ၊ မြန်မာ့မီးရထားသို့ ထုတ်လုပ်ပေးနေသော ကုန်တင်ရထားတွဲ ပစ္စည်းအစိတ်အပိုင်းများအပါအဝင် စုစုပေါင်းထုတ်ကုန်ပစ္စည်း ၇၂ မျိုးကို ခင်းကျင်းပြသထားသည်။

စုံလင်စွာပြသ

အလားတူ အမှတ်(၂) အထွေထွေအကြီးစားစက်မှုလုပ်ငန်း၏ BIAS မော်တော်ယာဉ်တာယာ ၂၇ မျိုးနှင့် ရေဒီယယ်တာယာ ၁၂ မျိုး၊ မော်တော်ယာဉ်တာယာထုတ်လုပ်ရာ၌ အဓိကအသုံးပြုသည့် စက်မှုကုန်ကြမ်းနှင့် သဘာဝရော်ဘာများ၊ Conventional Machine Tool ၁၁ မျိုး၊ Transformer ခြောက်မျိုး၊ PVC ဝိုင်ယာကြိုးအမျိုးပေါင်း ၅၀၊ Power Cable များ၊ တာဘိုင်နှင့် ဂျင်နရေတာများ၊ Lead Acid Battery လေးမျိုး၊ ပြုပြင်ထိန်းသိမ်းရန်မလိုသည့် ဘက်ထရီများနှင့် မီတာများ၊ Computer Numerical Control စနစ်သုံး Machine Tool ၁၁ မျိုးနှင့် လျှပ်စစ်စွမ်းအင်သုံးစွဲမှုလျော့ကျစေရန်အတွက် Low Power LED များ၊ High Power LED များနှင့် Solar ပြားများအပါအဝင် ထုတ်ကုန်ပစ္စည်းများကို လက်လီ၊ လက်ကားဝယ်ယူလိုသူများအတွက် စုံလင်စွာ ခင်းကျင်း ပြသထားသည်။ **(သတင်းစဉ်)**

ကြည့်ရှုအားပေး နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာ့စက်မှုထုတ်ကုန်ပြပွဲ-၂၀၁၁၌ အမှတ်(၂) စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သော မြန်မာ့စက်မှုထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးများ နေပြည်တော်ရှိ တောင်သူပညာပေး စံပြစိုက်ကွင်းကြီးများ လှည့်လည်ကြည့်ရှုလေ့လာ

နေပြည်တော် ဇူလိုင် ၂၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့ နံနက် ၆ နာရီခွဲတွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် တောင်သူပညာပေး ဧက(၁၀၀) စိုက်ကွင်း အထူးအထွက်တိုးစပါးခင်း၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဆိုင်ရာ လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်ရေးကော်မတီနှင့် ဆန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီးများ၊ စိုက်ပျိုးရေးအထူးပြုကုမ္ပဏီများမှ လုပ်ငန်းရှင် ၂၁ ဦးတို့အား စိုက်ခင်းအတွင်း ၈၉ ရက် သက်တမ်းရှိသော စပါးခင်းများနှင့် သိပ္ပံနည်းကျပျိုးထောင်ထားသော ပျိုးပေါင်များကို ရှင်းလင်းပြသပြီး ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီးများအား အထူးအထွက်တိုးစပါးမျိုးစေ့၊ အထူးအထွက်တိုး နေကြာမျိုးစေ့များနှင့် အထူးအထွက်တိုး မျိုးစေ့များစမ်းသပ်စိုက်ပျိုးရန် နမူနာအဖြစ် ပေးအပ်သည်။

ရှင်းလင်းပြသ

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများသည် နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ တစ်ဧကပျမ်းမျှတန် ၆၀အထက် ထွက်ရှိနိုင်သည့် ကြံအထူးအထွက်တိုး စိုက်ခင်း ၅ဧက၊ နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ စက်မှုလယ်ယာစနစ် ဧက ၃၀ စိုက်ကွင်းအတွင်းရှိ နှံစားပြောင်းမျိုးစေ့ကုမ္ပဏီက စပ်မျိုးသခွားမွေး ၁၀ဧကနှင့် စပ်မျိုးဖရဲ ၁၀ဧက မျိုးထုတ်လုပ်မှု စိုက်ခင်း၊ နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ စိုက်ပျိုးရေး သုတေသနဦးစီးဌာန သုတေသနခြံရှိ စပ်မျိုးနေကြာ ထုတ်လုပ်မှုစိုက်ခင်းနှင့် ပြောင်းစပ်မျိုးများ မျိုးစေ့ထုတ်လုပ်ရေးစိုက်ခင်းတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြရာလယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

စမ်းသပ်စိုက်ပျိုးရန် နမူနာပေး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် အထူးအထွက်တိုးစပါးမျိုးစေ့၊ အထူးအထွက်တိုး နေကြာမျိုးစေ့များနှင့် အထူးအထွက်တိုး မျိုးစေ့များကို စမ်းသပ်စိုက်ပျိုးရန် နမူနာအဖြစ် ပေးအပ်စဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၄-၇-၂၀၁၁

(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၆။ **သက်ရှည်ကျန်းမာလေ့ကျင့်ပါ**
၈:၀၅ ၇။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈:၂၅ ၈။ တေးဂီတအစီအစဉ်
၈:၄၀ ၉။ International News
၈:၄၅ ၁၀။ အကပြိုင်ပွဲ
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၃၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြိုးတစ်မျှင်** (အပိုင်း-၆၂)
၁၂:၃၀ ၅။ Golf Magazine (TY)
၁၂:၅၀ ၆။ **မြန်မာဗီဒီယိုဇာတ်လမ်း ချစ်သူ၏ တခြားအခြမ်း** ပြေတီဦး၊ နန္ဒာလှိုင် [ဒါရိုက်တာ-ကိုဇော် (အရဏ်ဦး)]
၁၄:၃၀ ၇။ အတီးပြိုင်ပွဲ
၁၄:၅၀ ၈။ International News
၁၅:၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄:၂၅ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၅။ **သက်တံ့ရောင် ကောင်းကင်သစ်**
၅:၁၀ ၆။ **မူဆယ်ဒေသအထွက်တိုးစပါး ဒေသဝမ်းစာပို လျှံသွား**
၅:၂၅ ၇။ ဆိုကြမယ်၊ပျော်ကြမယ်
၆:၀၀ ၈။ ညနေခင်းသတင်း
၆:၁၅ ၉။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၀။ ကာတွန်းအစီအစဉ် **ရေငုပ်သမားလေးအိုလီ** (အပိုင်း-၂)
၆:၄၀ ၁၁။ တစ်မျက်နှာ၊တစ်ကွက်စာ **မာယာ ၄၁** ဖိုးသောကြာ၊ ခိုင်ပွင့်၊ အောင်လွမ်းအောင် (ဒါရိုက်တာ-အာယု)
၇:၀၀ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်နဲ့အမုန်း** (ဇာတ်သိမ်းပိုင်း)
၈:၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (ဒုတိယတွဲ) (အပိုင်း-၃၄)
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရှုပ်ထွေးဆန်းကြယ်** (အပိုင်း-၂၆)
၁၈။ အစီအစဉ်ပြီး၏။

ပဲခူးတိုင်းဒေသကြီး (အရှေ့ခြမ်း)နှင့် (အနောက်ခြမ်း) ဆက်သွယ်ထားသည့် မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ကျွန်းကုန်းလမ်းပေါ်ရှိ မြို့ချောင်းတံတားဖွင့်

နေပြည်တော် ဇူလိုင် ၂၃

ဆောက်လုပ်ရေးဝန်ကြီးဌာနပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့ (၅)က တာဝန်ယူ တည်ဆောက်ပေးခဲ့သည့် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မင်းလှ - စိန်ကန့်လန့် - မြို့ချောင်း-ကျွန်းကုန်းလမ်းပေါ်ရှိ တံတားအမှတ်စဉ်(၄) မြို့ချောင်းတံတား ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် အဆိုပါ တံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့များနှင့် ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ တက်ရောက်အားပေးကြသည်။

ရှင်းလင်းပြောကြား

အစီအစဉ်အရ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က တံတားတည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းက တံတားကြီး တည်ဆောက်ဖွင့်လှစ်ပေးသည့်အတွက် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူများကိုယ်စား ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးထွန်းဝေနှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းတို့က မြို့ချောင်းတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က မြို့ချောင်းတံတား ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုကြသည်။

မြို့ချောင်းတံတား အမျိုးအစားမှာ အပေါ်ထည်သံပေါင်ရက်မ၊ အောက်ထည် သံကူကွန်ကရစ်နှင့် အုတ်မြစ်ကို သံကူကွန်ကရစ် လွန်တူးဘိုးပိုင်တို့ဖြင့် တည်ဆောက်ထားပြီး စုစုပေါင်းတံတား အရှည်ပေ ၂၇၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ ယာဉ်နှစ်လမ်းသွားနှင့် လူသွားလမ်း တစ်ဖက်လျှင်သုံးပေစီပါရှိပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန် (ယာဉ်+ကုန်)မှာ စုစုပေါင်း ၇၅တန်ဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်

ယခုဖွင့်လှစ်သည့် မြို့ချောင်းတံတားသည် ပဲခူးတိုင်းဒေသကြီး (အရှေ့ခြမ်း)နှင့် (အနောက်ခြမ်း)ကို ဆက်သွယ်ဖောက်လုပ်ထားသည့် ရိုးမဖြတ်ကျော်လမ်း ခုနစ်လမ်းအနက် ဒုတိယမြောက်လမ်းဖြစ်သည့် မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း - ကျွန်းကုန်း လမ်းပေါ်၌ တည်ရှိပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရလက်ထက်တွင်လေးစင်းမြောက် ဖွင့်လှစ်ပေးခဲ့သည် တံတားဖြစ်သည်။ ဤတံတားကြီးဖွင့်လှစ်ပေးသည့်အတွက် ပဲခူးတိုင်းဒေသကြီးမှ ထွက်ရှိသည့် ဆန်စပါးနှင့် ဒေသထွက်ကုန်များကို မြန်မာပြည်အရှေ့မှ အနောက်၊ တောင်မှ မြောက်သို့ ကွန်ရက်သဖွယ် ယှက်သွယ်ဖောက်လုပ်ထားသည့်လမ်းများမှတစ်ဆင့် နိုင်ငံတစ်ဝန်းလုံးသို့ ပိုမိုမြန်ဆန်စွာ ပို့ဆောင်နိုင်တော့မည်ဖြစ်သကဲ့သို့ ဒေသ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများလည်း အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် မြို့ချောင်းတံတား ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းဆင်း

နေပြည်တော် ဇူလိုင် ၂၃

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၄၁) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီးရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

သင်တန်းဆင်းပွဲ အခမ်းအနားသို့ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဒေါက်တာကျော်ကျော်ငွေ၊ မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဝင်းလှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အဆိုပါသင်တန်းသို့ အခြေခံပညာ ဆရာ ဆရာမ သင်တန်းသား သင်တန်းသူ ၁၅၀၆ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျန်းမာရေးဆိုင်ရာစီမံခန့်ခွဲမှု သင်တန်းပို့ချမည်

ရန်ကုန် ဇူလိုင် ၂၃

မြန်မာနိုင်ငံဆရာဝန်အသင်း စဉ်ဆက်မပြတ်ဆေးပညာသင်ကြားရေး ယူနစ် (CME) မှ အထွေထွေရောဂါကု ဆရာဝန်များအတွက် Emergency Management For GPs (2011) သင်တန်းကို ဩဂုတ် ၁၃ ရက်မှ အောက်တိုဘာ ၃၀ ရက်အထိ(စနေ၊ တနင်္ဂနွေ)နေ့များတွင် မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိ သင်တန်းပို့ချမည်ဖြစ်သည်။ သင်တန်းတွင်ပါဝင်ကူညီကြမည့် ဆေးကုမ္ပဏီများကို တွေ့ဆုံဆွေးနွေးလိုပါသဖြင့် ဇူလိုင် ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(ဘီ)သို့ တက်ရောက်ကြရန်နှင့် သင်တန်းတက်ရောက်လိုသော အသင်းဝင်ဆရာဝန်များသည် ဩဂုတ် ၃ ရက်မှ ၄ ရက်အတွင်း နံနက် ၁၀နာရီမှ ညနေ ၃နာရီအထိ တက်ရောက်မည့်သူကိုယ်တိုင် လိုင်စင်ဓာတ်ပုံလေးပုံဖြင့် စာရင်းသွင်းနိုင်ကြောင်းသိရှိရသည်။ **(ဆရာဝန်အသင်း)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ဟေနန်ပြည်နယ်၌ ဘတ်စ်ကားမီးလောင်

ကျန်ကျို့ ဇူလိုင် ၂၃

တရုတ်နိုင်ငံ ဟေနန်ပြည်နယ်အလယ်ပိုင်း စင်ရန်းမြို့၌ ဘတ်စ်ကားတစ်စီး ဇူလိုင် ၂၂ ရက် နံနက်ပိုင်းက မီးလောင်မှု ဖြစ်ပွားခဲ့ရာ ၄၁ ဦး သေဆုံးပြီး အခြားခြောက်ဦး ဒဏ်ရာရရှိသွားကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။ **(အပေါ်ပုံ)**

မီးလောင်မှုဖြစ်

စုစုပေါင်း လူ ၄၇ ဦး တင်ဆောင်လာသည့် အဆိုပါဘတ်စ်ကားသည် ပေကျင်း-ကျူဟိုင်း အဝေးပြေးလမ်းမကြီးပေါ်၌ ဒေသစံတော်ချိန် နံနက် ၄ နာရီက မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ မီးလောင်ရခြင်းအကြောင်းအရင်းကို စုံစမ်းနေဆဲဖြစ်ကြောင်း ဟေနန်ပြည်နယ်အလုပ်သမားလုံခြုံရေး အုပ်ချုပ်မှုဌာန အကြီးအကဲ ကျန်ဂုဟွေးက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အကြီးဆုံး နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားစက်ရုံ အီရန်၌ ဖွင့်လှစ်

တီဟီရန် ဇူလိုင် ၂၃

အီရန်ပထမ ဒုတိယသမ္မတ မိုဟာမတ်ရီဇာရာဟီမီသည် အီရန်အရှေ့မြောက်ပိုင်းတွင် နိုင်ငံ၏အကြီးဆုံးနေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံကို ဖွင့်လှစ်ပေးလိုက်သည်။

ဖွင့်လှစ်

အီရန်ကျွမ်းကျင်သူပညာရှင်များ ဒီဇိုင်းဆွဲ၍တည်ဆောက်သည့် အဆိုပါစက်ရုံမှာ အီရန်နိုင်ငံမြို့တော် တီဟီရန်အရှေ့ဘက် ကီလိုမီတာ ၈၅၀အကွာ မာရှက်မြို့တွင် ဇူလိုင် ၂၁ ရက်က ဖွင့်လှစ်လိုက်ကြောင်း အိုင်အာရ်အင်အေသတင်းဌာနက ကြေညာသည်။

မျှော်မှန်းထား

ဆိုလာပြားကြီး ၂၁၆ ပြားတပ်ဆင်အသုံးပြုသည့် အဆိုပါနေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံက နှစ်စဉ်လျှပ်စစ်ဓာတ်အား ၇၂၀၀၀ ကီလိုဝပ်နာရီ ထုတ်ပေးနိုင်မည်ဟု မျှော်မှန်းထားသည်။

ပြောကြား

သဘာဝနေရောင်ခြည်စွမ်းအင်အရင်းအမြစ်မှ လျှပ်စစ်ဓာတ်အားထုတ်ယူခြင်းဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု လျော့ကျသွားစေမည်ဖြစ်ကြောင်း စက်ရုံအုပ်ချုပ်ရေးအရာရှိချုပ်က ပြောကြားသည်။ **(အင်တာနက်)**

နော်ဝေ၌ ဗုံးခွဲတိုက်ခိုက်မှုနှင့် ပစ်ခတ်မှုဖြစ်ပွား အနည်းဆုံး ၉၁ ဦးသေဆုံး၊ အများအပြား ဒဏ်ရာရရှိ

အော်စလို ဇူလိုင် ၂၃

နော်ဝေနိုင်ငံ အော်စလိုမြို့တွင် ဇူလိုင် ၂၂ ရက်က ဗုံးပေါက်ကွဲမှုနှင့် အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အနည်းဆုံး ၉၁ ဦးသေဆုံးကာ အများအပြား ဒဏ်ရာရရှိခဲ့ပြီး အဆောက်အအုံအချို့လည်း ပျက်စီးခဲ့ကြောင်း နော်ဝေအရာရှိများက ဇူလိုင် ၂၃ ရက်၌ ပြောကြားသည်။

ဖမ်းဆီး

ဖြစ်ပွားမှုမှာ နော်ဝေနိုင်ငံမြို့တော် အော်စလိုမြို့ အနောက်ဘက်ကီလိုမီတာ ၄၀ခန့် အကွာရှိ လူငယ်လေ့ကျင့်ရေးစခန်းအတွင်း ရဲတပ်ဖွဲ့ယူနီဖောင်းဝတ်ဆင်ထားသော အသက် ၃၀အရွယ်ရှိ သေနတ်သမားတစ်ဦးဝင်ရောက်လာပြီး အသင့်ယူဆောင်လာသော ပစ္စတိုနှင့် မှန်ပြောင်းတပ်ရိုင်ဖယ်သေနတ်တို့ဖြင့် နှစ်နာရီခန့်ကြာ ပစ်ခတ်မှုကြောင့် လူအများသေဆုံးကာ ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ထို့နောက် ရဲတပ်ဖွဲ့ဝင်များက ၎င်းအားဖမ်းဆီးနိုင်ခဲ့သည်။

ဒဏ်ရာရရှိ

ယင်းဖြစ်ရပ်မဖြစ်ပွားမီ နာရီပိုင်းအလိုတွင် အော်စလိုမြို့လယ်တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ခုနစ်ဦးသေဆုံးပြီး ၁၆ ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာရရှိသူနှစ်ဦးမှာ စိုးရိမ်ဖွယ်ရာရှိကြောင်း ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ **(အောက်ပုံ)** **အမ်အင်န်အေ၊ဆင်ဟွာ**

အာဖဂန်၌ သုံးရက်အတွင်းစစ်ဆင်ရေး တိုက်ခိုက်ရေးသမား ၈၀ သေဆုံး

ကဘူးလ် ဇူလိုင် ၂၃

အာဖဂန်နစ္စတန်နိုင်ငံမြို့တော် ကဘူးလ်မြို့အရှေ့ဘက် ၁၅၅ ကီလိုမီတာအကွာ ပတ်တီကာပြည်နယ်၌ လွန်ခဲ့သောသုံးရက်အတွင်း အာဖဂန်စစ်တပ်နှင့် နိုင်ငံတကာတပ်များ ပူးပေါင်းအဖွဲ့ စစ်ဆင်ရေးတွင် အကြမ်းဖက်တိုက်ခိုက်ရေးသမား စုစုပေါင်း ၈၀ သေဆုံးသွားခဲ့ကြောင်း ပြည်နယ်အုပ်ချုပ်ရေးရုံးက ဇူလိုင် ၂၃ ရက်တွင် ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

ဖြစ်ပွား

အာဖဂန်နှင့် နိုင်ငံတကာတပ်များ၏ ပူးပေါင်းစစ်ဆင်ရေးတွင် လေကြောင်းပစ်ကူများဖြင့်လည်း လက်နက်ကိုင်များကို တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး ထိုစစ်ဆင်ရေးကို ဆာရောဇတ်ခရိုင် မာရစ်ဇိုနှင့် အာမိုင်းကျေးရွာများ၌ အများဆုံးဆင်နွှဲခဲ့ကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် - စုစည်းသည်



ရုရှား၌ ကီဇီမင်မီးတောင်ပေါက်ကွဲ

ဗလာဒီဗော့စတော့ ဇူလိုင် ၂၃

ရုရှားနိုင်ငံ ကမ်ချပ်ကာကျွန်းဆွယ်ရှိ ကီဇီမင်မီးတောင်မှာ ဇူလိုင် ၂၂ ရက်က ပေါက်ကွဲလျက်ရှိရာ မီးတောင်ဝမှ အထက်မီတာ ၅၀၀အထိ ပြာနှင့် ဓာတ်ငွေ့ရည်များပန်းထွက်ပြီးနောက် မီးတောင်၏ အရှေ့ဘက် ၁၅ ကီလိုမီတာတိုင်အောင် စီးဆင်းရောက်ရှိနေသည်။ **(အပေါ်ပုံ)**

တစ်ခုပါဝင်

ပြာမှုန်များသည် လူနှင့်တိရစ္ဆာန်များအတွက် အဆိပ်အတောက်ဖြစ်စေပြီး ကျလာသော ပြာမှုန်ကလေးများသည် လေယာဉ်အင်ဂျင်ကို ထိခိုက်ပျက်စီးစေသည့်အတွက် လေကြောင်း ပို့ဆောင်ရေးကို အကြီးအကျယ် ခြိမ်းခြောက်အန္တရာယ်ပြုလျက်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ကီဇီမင်မီးတောင်သည် ကမ်ချပ်ကာကျွန်းဆွယ်ရှိ မီးရှင်တောင် ၂၉ လုံးတွင် တစ်လုံးအပါအဝင်ဖြစ်သည်။ **(အင်တာနက်)**

ဆစ်ဒနီမြို့မြောက်ပိုင်း၌ ရဟတ်ယာဉ်ပျက်ကျ

ဆစ်ဒနီ ဇူလိုင် ၂၃

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့မြောက်ပိုင်းတွင် ဇူလိုင် ၂၂ရက်က ရဟတ်ယာဉ်တစ်စင်း **(အောက်ပုံ)** ပျက်ကျခဲ့ရာ နှစ်ဦးသေဆုံးကြောင်း ဒေသခံမီဒီယာများက ဇူလိုင် ၂၃ရက်၌ ဖော်ပြသည်။

ရဟတ်ယာဉ်ပျက်ကျသည့်နေရာမှာ ဆစ်ဒနီမြို့မြောက်ပိုင်း လိန်းကေ့ အမျိုးသားဥယျာဉ်အတွင်းဖြစ်ပြီး ယင်းနေ့နံနက် ၉း၁၅ နာရီခန့်က ပျက်ကျခဲ့ခြင်းဖြစ်သည်။အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များက အခင်းဖြစ်ရာနေရာသို့ သွားရောက်ကာ ကယ်ဆယ်ရှင်းလင်းရေးများ ဆောင်ရွက်လျက်ရှိသည်။

သေဆုံးသူနှစ်ဦးမှာ လေယာဉ်မှူးနှင့်ခရီးသည်တစ်ဦးတို့ဖြစ်ပြီး ရဟတ်ယာဉ်ပျက်ကျမှုနှင့်ပတ်သက်ပြီး စုံစမ်းမှုများပြုလုပ်လျက်ရှိသည်။ **(အင်တာနက်)**

တရုတ်အနောက်မြောက်ပိုင်း၌ အစာအဆိပ်သင့်မှုဖြစ်ပွား တစ်ဦးသေဆုံး၊ ၇၂ဦးဆေးရုံတင်ပို့ရ

ရှိုင်ယန် ဇူလိုင် ၂၃

တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ကွီကျိုပြည်နယ်ရှိ ကျေးရွာတစ်ရွာတွင် ဇူလိုင် ၂၂ရက်က အစာအဆိပ်သင့်မှုကြောင့် ငါးနှစ်အရွယ်မိန်းကလေးငယ်တစ်ဦးသေဆုံးကာ ၇၂ ဦး ဆေးရုံတင်ပို့ရကြောင်း တရုတ်အရာရှိများက ဇူလိုင် ၂၃ရက်၌ပြောကြားသည်။

ဖြစ်ပွားမှုမှာ အင်န်ရှန်မြို့အနီး ဝမ်ကျန်းကျေးရွာတွင် ညစာစားပွဲတစ်ရပ်၌ ခင်းကျင်းကျွေးမွေးသော အစားအစာများကို စားသုံးပြီးနောက် ယခုကဲ့သို့ အစာအဆိပ်သင့်မှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အစာအဆိပ်သင့်ခံရသူ ကျေးရွာသား၁၂ဦးမှာ ဆေးရုံ၌အခြေအနေစိုးရိမ်ရဆဲဖြစ်ကြောင်း၊ အစားအစာများတွင် နိုက်ထရိတ်ဓာတ်များ ပါဝင်မှုရှိသည်ကို တွေ့ရှိရကြောင်း၊ ထပ်မံစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း ၎င်းတို့က ပြောကြားသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ

ဇော်ဦးခိုင် - ရေးသားသည်

ဖိလစ်ပိုင်မြောက်ပိုင်း၌ လေယာဉ်ငယ်ပျက်ကျ

မနီလာ ဇူလိုင် ၂၃

ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းတွင် ဇူလိုင် ၂၂ရက် မွန်းလွဲပိုင်းက လေယာဉ်ငယ်တစ်စင်းပျက်ကျခဲ့ရာ လေယာဉ်ပေါ်လိုက်ပါလာသူနှစ်ဦးစလုံး သေဆုံးခဲ့ကြောင်း ဖိလစ်ပိုင်ရဲတပ်ဖွဲ့က ဇူလိုင် ၂၃ရက်၌ ပြောကြားသည်။

ပျက်ကျခဲ့သည့် လေယာဉ်မှာ ဆက်စ်နာ ၁၅၂ လေယာဉ်ဖြစ်ပြီး လေယာဉ်မှူးမှာ မလေးရှားနိုင်ငံသား တန်ယူဝမ်ဖြစ်သည်။ လေယာဉ်ပျက်ကျမှုကြောင့် ၎င်းအပါအဝင် ခရီးသည်တစ်ဦး သေဆုံးခဲ့သည်။

၎င်းလေယာဉ်မှာ ပမ်ပန်ဂါပြည်နယ် မာဂါလန်မြို့၌ ယင်းနေ့ညနေ ၆ နာရီခန့်က ပျက်ကျခဲ့ခြင်းဖြစ်ကြောင်းသိရှိရသည်။ **(အင်တာနက်)**

ချီကာဂိုတွင် အပူလှိုင်းကြောင့် ခုနစ်ဦးသေဆုံးခဲ့

ချီကာဂို ဇူလိုင် ၂၃

အမေရိကန်နိုင်ငံ ချီကာဂိုမြို့တစ်ဝန်း အပူလှိုင်းရိုက်ခတ်ခဲ့ပြီးနောက် သေဆုံးသူခုနစ်ဦးရှိခဲ့ကြောင်း ချီကာဂိုဆန်းတိုင်းမ်က သတင်းတွင်ဖော်ပြသည်။ ဇူလိုင် ၂၁ ရက်က အပူချိန်မှာ ၁၀၀ ဒီဂရီဖာရင်ဟိုက်အထက် ရောက်ရှိခဲ့ပြီး ၁၉၉၅ ခုနှစ်နောက်ပိုင်း ၁၆ နှစ်တာအတွင်း အမြင့်ဆုံးအပူချိန်ဖြစ်ခဲ့သည်။ (အင်တာနက်)

ဟွန်ရှူးကျွန်းအရှေ့ဘက်တွင် အင်အားပြင်းငလျင်လှုပ်

တိုကျို ဇူလိုင် ၂၃

ဂျပန်ဟွန်ရှူးကျွန်း အရှေ့ဘက်ကမ်းခြေအနီး ဇူလိုင် ၂၃ ရက်နေ့ ဂရင်းနစ်စံတော်ချိန် နံနက် ၄ နာရီ ၃၄ မိနစ်တွင် ရစ်ချ်တာစကေး ၆ ဒသမ ၄ အဆင့်ရှိ အင်အားပြင်းငလျင်လှုပ်သွားခဲ့ကြောင်း၊ နိုင်ငံအရှေ့မြောက်ပိုင်းရှိ ဆန်းဒိုင်းမြို့အရှေ့မြောက်ဘက် ၁၂၆ ကီလိုမီတာအကွာ၌ မြေအောက် ၃၅ ကီလိုမီတာအနက်တွင် ဗဟိုပြု လှုပ်ခတ်သွားကြောင်းသိရသည်။ **(အင်တာနက်)**

တရုတ်တွင် ကားတစ်စီးချောက်ထဲကျ၊ ငါးဦးသေဆုံး

ချန်ဒူး ဇူလိုင် ၂၃

တရုတ်နိုင်ငံ စီချွမ်ပြည်နယ် အနောက်ပိုင်းတွင် ဓာတ်အားလိုင်းတစ်လိုင်းကို ပြင်ဆင်ပြီး ပြန်လာသည့် လျှပ်စစ်မီးပြင်အလုပ်သမား ၁၃ ဦး တင်ဆောင်ခဲ့သော မော်တော်ယာဉ်သည် လမ်းဘေးချောက်ကမ်းပါးအတွင်းထိုးကျရာ ငါးဦးသေဆုံး၍ ရှစ်ဦးဒဏ်ရာရရှိခဲ့သည်။ ယင်းမတော်တဆမှုသည် လိရှန်းမြို့အနီးရှိ တောင်တက်လမ်းပေါ်တွင် ဇူလိုင် ၂၂ ရက် ညနေ ၆ နာရီ မိနစ် ၂၀ ခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ (အင်တာနက်)

စွမ်းအင်ကဏ္ဍဆိုင်ရာ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး မြန်မာ-တရုတ် နှစ်နိုင်ငံ ရင်းနှီးပွင့်လင်းစွာဆွေးနွေး

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Petroleum Corporation (CNPC), President Mr. Zhang Jialin ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၂၃

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းနှင့် လုပ်ငန်းများ အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Petroleum Corporation (CNPC), President Mr. Zhang Jialin ဦးဆောင်သောအဖွဲ့သည် ဇူလိုင် ၂၂ရက် နံနက်ပိုင်းက နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ စွမ်းအင်ကဏ္ဍဆိုင်ရာအကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာတွင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ စွမ်းအင်ဝန်ကြီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ခေတ္တ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ဆောင်ရွက်

မြန်မာ-တရုတ် ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းလမ်းကြောင်း ဖြတ်သန်းရာ ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့ရှိဒေသများတွင် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများ၌ အကူအညီပေးရေးအတွက် China National Petroleum Corporation (CNPC) မှလှူဒါန်းသည့် အမေရိကန်ဒေါ်လာ ခြောက်သန်းဖြင့် စာသင်ကျောင်း ရှစ်ကျောင်း၊ဆေးရုံနှင့်ကျေးလက်ကျန်းမာရေးဌာနခွဲ ၄၉ခုတို့အား ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ယင်းအစီအစဉ်များကို ယခုနှစ်မှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကာ ပိုက်လိုင်းလမ်းကြောင်းတစ်လျှောက် ဒေသခံပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်စဉ်စီမံချက်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကျန်းမာရေးလုပ်သားအရည်အသွေးမြှင့်သင်တန်း ကျောက်ဆည်မြို့နယ်၌ဖွင့်

ကျောက်ဆည် ဇူလိုင် ၂၃

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် တိရစ္ဆာန်ကျန်းမာရေးလုပ်သား အရည်အသွေးမြှင့် သင်တန်းဖွင့်ပွဲကို ဇူလိုင်၂၃ရက် နံနက်၉နာရီက ကျောက်ဆည်မြို့ မြဘုရင်နို့ချက်လုပ်ငန်းခန်းမဆောင်၌ ကျင်းပရာ အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာသောင်းထိုက်နှင့် ကျောက်ဆည်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးအရာရှိတို့က အမှာစကားပြောကြားသည်။

ထို့နောက်ဦးဝင်းဗိုလ် (မြဘုရင်နို့နှင့်နို့ထွက်ပစ္စည်း ရောင်းဝယ်ရေး) က ကျေးဇူးတင်စကားပြောကြားပြီး ကျောက်ဆည်ခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာရဲထွန်းဝင်းက သင်တန်းအထိမ်းအမှတ်အလံများကိုပေးအပ်ရာ တိုင်းဦးစီးမှူး ဒေါက်တာသောင်းထိုက်၊ ခရိုင်ဦးစီးအရာရှိ ဦးကျော်ဆွေနှင့် ဦးဝင်းဗိုလ်တို့က လက်ခံယူခဲ့ကြောင်း သိရှိရသည်။

(၄၁၀)

ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းများတိုးတက်ရေး ညောင်တုန်းမြို့နယ်၌ဟောပြော

ညောင်တုန်း ဇူလိုင် ၂၃

ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများ တိုးတက်မြင့်မားရေးနှင့် မွေးမြူထားသော ငါး၊ ပုစွန်များ ရောဂါကင်းဝေးစေရေးတို့အတွက် ကောင်းမွန်သော မွေးမြူထုတ်လုပ်မှုနည်းလမ်းများနှင့်အညီ မွေးမြူထုတ်လုပ်ရေး ပညာပေးဟောပြောပွဲကို ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာရှိ ငါးရောဂါရှာဖွေရေးဓာတ်ခွဲခန်းတွင် ဇူလိုင် ၁၈ ရက်က ကျင်းပရာ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ရေလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ငါးလုပ်ငန်းဦးစီးဌာနရုံးချုပ်မှ ဦးစောအောင်ရဲထွန်းလွင်နှင့်အဖွဲ့က ငါးမွေးမြူထုတ်လုပ်ရာတွင် ကောင်းမွန်သော မွေးမြူထုတ်လုပ်မှုလုပ်ငန်းများနှင့်အညီ မွေးမြူထုတ်လုပ်ရေးနှင့်ပတ်သက်၍ ပညာပေးဟောပြောပြီးနောက် တက်ရောက်လာသူများက မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ဝဲပုံ)** (၀၈၂)

ကြည့်ရှုစစ်ဆေး

၂၀၁၁ခုနှစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ပြည်နယ်အဆင့် စံပြရဲနှင့် ရဲကျင့်ဝတ် စာမေးပွဲဖြေဆိုမှုကို ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းနိုင် ကြည့်ရှုစစ်ဆေးစဉ်။

(ပြည်နယ်ရဲတပ်ဖွဲ့)

ဓနုဖြူ၌ အင်းအိုင်များအတွင်းငါးမျိုးစိုက်ထည့်

ဓနုဖြူ ဇူလိုင် ၂၃

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနကကြီးမှူး၍ ငါးမျိုးများစိုက်ထည့်ခြင်း အခမ်းအနားကို ဇူလိုင် ၁၂ ရက် ညနေက ဓနုဖြူမြို့ ရေတွင်းကုန်းကျေးရွာ တောင်သူကြီး ဦးသန်းဌေး၏ ပေါင်းစည်းလယ်ယာရှိ ငါးမွေးမြူရေးကန်၌ ကျင်းပသည်။

ပညာပေးဆွေးနွေး

ရှေးဦးစွာ အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူးက ငါးသယံဇာတတိုးပွားရေးအတွက် ဘက်ထရီရှော့ခ်တိုက် ငါးဖမ်းနည်း၊ အဆိပ်ချငါးဖမ်းနည်းများဖြင့် မဖမ်းဆီးကြရန်၊ ငါးများအား ကုန်စင်အောင် ဖမ်းဆီးခြင်းမပြုဘဲ ငါးမျိုးများ စနစ်တကျ ချန်လှပ်ထားရှိစေရေးတို့ကို ပညာပေးဆွေးနွေးသည်။

ငါးမျိုးစိုက်ထည့်

ထို့နောက် ငါးမျိုးစိုက်ထည့်ခြင်းကို ဆက်လက်ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကျော်မင်း၊ ဓနုဖြူမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်လှိုင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဇော်မင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ စုပေါင်း၍ ငါးမြစ်ချင်းကောင်ရေ ၅၀၀၊ ထိုင်းငါးခုံးမကောင်ရေ ၂၀၀ကို အင်းအိုင်များအတွင်းသို့ မျိုးစိုက်ထည့်ပေးကြကြောင်း သိရှိရသည်။ **(အောက်ပုံ)**

(၁၄၇)



ပေါင်းစနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးနည်း စလင်းမြို့နယ်၌ သရုပ်ပြပွဲကျင်းပ

စလင်း ဇူလိုင် ၂၃

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် မကျီးပင်ပုအုပ်စု ကွင်းအမှတ် (၅၇၃) ရှိ လယ်သမားကြီး ဦးကျော်လွင်နှင့် ဦးညဏ်တင်တို့၏ တောင်သူပညာပေး စံပြကွက်တွင် သီပွံနည်းကျပေါင်စနစ်ဖြင့် ပျိုးထောင်ခြင်း၊ ပေါင်ပျိုးစနစ်ဖြင့် ပျိုးထောင်ထားသော ပျိုးသက် ၂၀ ရက်သား ပျိုးပင်များ စိုက်ပျိုးပြသခြင်း သရုပ်ပြပွဲကို ဇူလိုင် ၁၇ရက်ကကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါ သရုပ်ပြပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှထွန်း၊ မြို့နယ်စိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကွင်းဝန်ထမ်းများ၊ ဒေသခံ တောင်သူလယ်သမားများ တက်ရောက်ခဲ့ကြပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးအောင်မျိုးဝေက စပါးတစ်ဧကေ တင်း ၁၀၀ နှုန်းအထက်ထွက်ရှိရန် လိုက်နာလုပ်ဆောင်ရမည့် သီပွံနည်းကျ စိုက်နည်းစနစ်(၁၄) ချက်ကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်မြို့ အလုံမြို့နယ် ကွင်းချောင်းလမ်း အမှတ်(၃၃)နေ မိခင်ကြီး ဒေါ်ညွန့်အားအမှူးထား၍ ဦးတင်ကိုလတ်-ဒေါ်နွဲ့နွဲ့စိန်မိသားစုက တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာ ဆေးကုသဆောင်အတွက် ငွေကျပ်တစ်သိန်းလှူဒါန်းရာ ဘိုးဘွားရိပ်သာ အတွင်းရေးမှူး ဦးမြသိန်း လက်ခံယူစဉ်။ (၀၀၉)

လက်ပံတန်းဘူတာ၌ သန့်ရှင်းရေးဆောင်ရွက်

လက်ပံတန်း ဇူလိုင် ၂၃

မြန်မာ့မီးရထား တိုင်း (၆)တိုင်းတာဝန်ခံနှင့် မြို့ပြအင်ဂျင်နီယာဌာန အင်ဂျင်နီယာမှူးတို့၏ စီစဉ်မှုဖြင့် ဇူလိုင် ၁၁ ရက်က ပဲခူးတိုင်းဒေသကြီး လက်ပံတန်းဘူတာတွင် ဒုတိယကြီးကြပ်ရေးမှူး (သွား/လာ)ဦးအေးမင်း၊ အထူးတန်းရုံပိုင် ဦးမြင့်သိန်း၊ အငယ်တန်းအင်ဂျင်နီယာများဖြစ်ကြသည့် ဦးသန်းဇော်(သံလမ်း)၊ ဦးတိုနီ (မြို့ပြ)တို့ ကြီးကြပ်လျက် ဘူတာဝန်းကျင်သန့်ရှင်းရေးပြုလုပ်ခြင်း၊ အဆောက်အအုံနှင့် ရေမြောင်းများပြုပြင်မွမ်းမံခြင်း၊ လက်ပံတန်း-သာရဝေါသံလမ်း ဇလီဖားတုံးများ လဲလှယ်ခြင်းနှင့် သံလမ်းများကြံ့ခိုင်ရေးအတွက် ပြုပြင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။

(၀၉၈)

ရေနုတ်မြောင်းတူးဖော်

ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းလမ်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ဇူလိုင် ၅ ရက်က ဆန်းချို (၁)လမ်း ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းကို အဖွဲ့ပိုင်စက်ယန္တရားဖြင့် အင်ဂျင်နီယာမှူး ဦးထင်လင်းကျော်နှင့် အငယ်တန်းအင်ဂျင်နီယာ-၂ ဦးထွန်းဝင်းလတ်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ် ပြန်/ဆက်)

မိုင်းဖြတ်၌ သစ်ပင်စိုက်ပျိုး

မိုင်းဖြတ် ဇူလိုင် ၂၃

မိုင်းဖြတ်မြို့နယ်အတွင်း စိမ်းလန်းစိုပြည်ရေးအတွက် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မိုးရာသီသစ်ပင်စိုက်ပျိုးခြင်းကို မြို့အဝင်ဆိုင်းဘုတ်ဝန်းကျင်တွင် ဇွန် ၁၈ ရက်က ပြုလုပ်ရာ အမှုဆောင်အရာရှိ ဦးဝင်းနိုင်ဦး ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

နို့နှင့်နို့ထွက်ပစ္စည်းများ ဈေးကွက်သို့ကျယ်ပြန့်စွာ ထုတ်လုပ်ဖြန့်ဖြူး

ထုတ်လုပ်သူများ စုပေါင်းပြီး အရည်အသွေးကောင်းမွန်အောင် ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၃

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှု လက်တွေ့ အကောင်အထည်ဖော်ရေး ဆွေးနွေးပွဲကို ဇူလိုင် ၂၂ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း တက်ရောက် အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးနှင့် ဝန်ကြီးဌာန အောက်ရှိ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်၊ မြန်မာနိုင်ငံ မွေးမြူရေး လုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာမြဟန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ နို့စားနွားမွေးမြူကြသူများနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာ၌ နို့နှင့် နို့ထွက်ပစ္စည်းများကို ဈေးကွက်သို့ ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်ဖြန့်ဖြူးသွားရန်နှင့် နို့နှင့်နို့ထွက်ပစ္စည်း ထုတ်လုပ်သူများ စုပေါင်း၍ အရည်အသွေးကောင်းမွန်အောင် ထုတ်လုပ်သွားကြရန် မှာကြားသည်။

ယင်းနောက် ပြည်ပမှ တင်သွင်းသည့် နို့နှင့် နို့ထွက်ပစ္စည်းများ လေ့လာခြင်း စာတမ်းကို ဒေါက်တာခင်လှိုင်က လည်းကောင်း၊ ပြည်တွင်းမှ ထုတ်လုပ်သော နို့နှင့်နို့ထွက်ပစ္စည်း လေ့လာခြင်းစာတမ်းကို ဒေါက်တာလှလှသိန်းက လည်းကောင်း၊ နွားနို့မှ နို့ဆီချက်လုပ်ခြင်းစာတမ်းကို ဒေါက်တာမြင့်ဆွေက လည်းကောင်း၊ နို့ထုတ်လုပ်မှုစရိတ် ပြည်တွင်း/ပြည်ပ နှိုင်းယှဉ်လေ့လာချက်စာတမ်းကို ဒေါက်တာအယ်လ်တူးမိန်းဂေါ်က လည်းကောင်း ဖတ်ကြားတင်ပြကြရာ တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက ဖတ်ကြားသော စာတမ်းများအပေါ် သုံးသပ်ဆွေးနွေးပြီး မြန်မာနိုင်ငံ နို့ထွက်ပစ္စည်းထုတ်လုပ်မှု အကောင်အထည်ဖော်မည့် ရှေ့လုပ်ငန်းအခြေအနေကို အုပ်စုဖွဲ့ဆွေးနွေးခြင်း၊ အုပ်စုအလိုက် ဆွေးနွေးချက်များ တင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝမ်းပျက်၊ ဝမ်းလျှော၊ ငှက်ဖျားရောဂါမဖြစ်စေရေး

ပြည်သူများအား ကျန်းမာရေးအသိပညာပေး ဟောပြော

နေပြည်တော် ဇူလိုင် ၂၃

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းသည် ဇူလိုင် ၂၁ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး တာဝန်ရှိသူများအား ပြည်သူများ ကျန်းမာရေး တိုးတက်လာစေရန်နှင့် ဝမ်းပျက် ဝမ်းလျှော၊ ငှက်ဖျားရောဂါများ မဖြစ်ပွားစေရေး ပညာပေးဟောပြောကြရန် မှာကြား၍ **(အပေါ်ပုံ)** လူနာများအား ထောက်ပံ့ငွေများ ပေးအပ်ကာ အမှတ် (၈၇) သစ်စက်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် နတ်တလင်းပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ကိုယ့်အားကိုယ်ကိုး နှစ်ထပ်တိုးချဲ့လူနာဆောင်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကာ လူနာဆောင် လွှဲပြောင်းပေးအပ်ပွဲနှင့် အလှူငွေပေးအပ်ပွဲသို့ တက်ရောက်သည်။ ဆက်လက်၍နတ်တလင်းမြို့ အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းအတွက် ငွေကျပ်ငါးသိန်းကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဇီးကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော အသေးစားချေးငွေ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။ ထို့နောက် ဗဟိုသမဝါယမအသင်း လီမိတက်ဥက္ကဋ္ဌ ဦးခင်မောင်အေးက အသေးစားချေးငွေနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် သမဝါယမ အစုအဖွဲ့ ကိုယ်စားလှယ်များထံ အသေးစားချေးငွေကျပ်သိန်း ၁၀၀၀ကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ

လေးမျက်နှာမြို့နယ်အတွင်း ကွင်းဆင်းစစ်ဆေး

လေးမျက်နှာ ဇူလိုင် ၂၃

ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဦးကျော်ဝင်းနိုင်သည် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စောလှ၊ အမှုဆောင်အရာရှိ ဦးဌေးလှိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၂၁ရက် နံနက်တွင် လှော်ကထားကျေးရွာအုပ်စု၊ ကွင်းကြီး ကျေးရွာအုပ်စု၊ သဲနုကုန်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများသို့ သွားရောက်ပြီး လမ်း၊ တံတားအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

မှာကြား

ဆက်လက်ပြီး ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ငဝန်ရေကာတာ မိုင်တိုင်အမှတ် (၃၇)မှ (၃၈) အတွင်းရှိ ရေကာတာအတွင်း ထပ်ဆင့်မြေမြှင့်တင်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြစ်ရေကြီးမှုသတိပေးချက်

နေပြည်တော် ဇူလိုင် ၂၃

ချင်းတွင်းမြစ်ရေသည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မုံရွာမြို့၌ ၁၀၀၀ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ၄၅ စင်တီမီတာ (တစ်ပေခွဲ)ခန့် ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၀၀၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိမည်။

သံလွင်မြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဘားအံမြို့၌ ၈၅၈ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၁၀၈ စင်တီမီတာ (သုံးပေခွဲ)ခန့် ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ၃၀ စင်တီမီတာ (တစ်ပေ)ခန့် ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာ အထက်တွင် ဆက်လက်တည်ရှိမည်။

စစ်တောင်းမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မဒေါက်မြို့၌ ၁၀၈၁ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၁၀ စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ၃၀ စင်တီမီတာ (တစ်ပေ)ခန့် ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၀၇၀ စင်တီမီတာ အထက်တွင် ဆက်လက်တည်ရှိမည်။

ငဝန်မြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ငါးသိုင်းချောင်းမြို့တွင် ၁၁၆၆ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၃၆ စင်တီမီတာ (၁ ဒသမ ၂ ပေ) ခန့် ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ် ၁၁၃၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၄-၇-၂၀၁၁
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇:၀၄ ၃။ နိုင်ငံတော်သီချင်း
- ၇:၀၅ ၄။ တရားတော်
- ၇:၁၅ ၅။ ဓမ္မပူဇာတေး
- ၇:၂၀ ၆။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၇။ မြန်မာ့ရှုခင်း
- ၇:၃၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ မြဝတီအဖွင့်
- ၁၁:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၁၁:၀၄ ၃။ နိုင်ငံတော်သီချင်း
- ၁၁:၀၅ ၄။ အဖွင့်သီချင်း
- ၁၁:၁၀ ၅။ မျိုးချစ်တပ်မတော်
- ၁၁:၂၀ ၆။ ကာတွန်းအစီအစဉ် **ဘော့စ်ဘောကြယ်ပွင့်များ** (အပိုင်း-၂၄)
- ၁၁:၄၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်၍သိသော**
- ၁၂:၃၀ ၈။ ကျန်းမာသုတ
- ၁၂:၄၀ ၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဖြူစင်သောနှလုံးသား** (အပိုင်း-၁)

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၁ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄:၀၂ ၃။ နိုင်ငံတော်သီချင်း
- ၄:၀၃ ၄။ အဖွင့်သီချင်း
- ၄:၁၀ ၅။ မျိုးချစ်တပ်မတော်
- ၄:၁၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၂၀ ၇။ လျှပ်တစ်ပြက်
- ၄:၃၀ ၈။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၄:၄၅ ၉။ မြန်မာ့ရှုခင်း
- ၅:၀၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၃၀ ၁၁။ ဒီဇိုင်နာတို့ရဲ့ ဒီဇိုင်း
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆:၃၀ ၁၄။ ဘဝကြေးမုံ **အချစ်ဖြင့်ပေးခဲ့ပါသော်လည်း** သူရလင်း၊ သဇင်ထူးနိုင်နှင့် သရုပ်ဆောင်များ ဒါရိုက်တာ-ဆဲဗင်း (အိုင်စီ)
- ၆:၅၀ ၁၅။ ဂင်းနက်စ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဘဝရဲ့တမ်းတခြင်း** (အပိုင်း-၇)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ နိုင်ငံတကာသတင်း
- ၂၀။ မိုးလေဝသသတင်း
- ၂၁။ ပဟေဠိနန်းတော်
- ၂၂။ ကျန်းမာသုတ
- ၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရောင်ပြန်မေတ္တာ** (အပိုင်း-၂)
- ၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အိမ်အပြန်လမ်း** (အပိုင်း-၆၇)

ဇွန် ၁၈ ရက်က သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် သာပေါင်းမြို့ မြို့ပေါ်ရပ်ကွက် နေအိမ်များရှိ သောက်သုံးရေများ၌ ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့များက အဘိတ်ဆေးခတ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

တေးရေး၊ တေးဆို အဆိုတော် ရူးမား Mojo တေးဂီတဆုဆွတ်ခူး

မြင့်မောင်စိုး စုစည်းသည်

လန်ဒန် ဇူလိုင် ၂၃

တေးရေး၊တေးဆိုအဆိုတော် ရူးမား(Rumer) (ဝဲပုံ) ဟာ ယခုနှစ်အတွက် Breakthrough Mojo တေးဂီတဆု ဆွတ်ခူးရရှိခဲ့ပါတယ်။ ဒီဆုဟာ လန်ဒန်မှာပေးတဲ့ ဂီတဆုတွေထဲမှာ အမြင့်ဆုံး ဆုတစ်ဆုဖြစ်ပါတယ်။

အသက် ၃၂နှစ်အရွယ်ရှိပြီဖြစ်တဲ့ ရူးမားဟာ Mojo တေးဂီတဆု သုံးဆုရမယ်လို့ နာမည်ထွက်ခဲ့ပါတယ်။ ဒါပေမယ့် အကောင်းဆုံးဆုဖြစ်တဲ့ Breakthrough ဆုပဲ ဆွတ်ခူး နိုင်ခဲ့ပါတယ်။ သူမဟာ Arctic Monkeysလို့ခေါ်တဲ့ အကောင်းဆုံး တေးအယ်လ်ဘမ်ဆုကိုလည်း လက်လွတ်ဆုံးရှုံးခဲ့ရပါတယ်။ ယခင် ဘီတဲလ် (Beatles) တေးဂီတအဖွဲ့ဝင်ဟောင်း ရင်ဂိုစတား (Ringo Star)ကတော့ အိုင်ကွန်ဆု (Icon award)ဆုနဲ့ပဲ ကျေနပ်ခဲ့ရပါတယ်။

ဒီဆုဟာ ရူးမားအတွက် ၁၂ လတာအတွင်း အောင်မြင်မှုကို အသိအမှတ်ပြု ခြင်းခံရတာပဲလို့ Mojo မဂ္ဂဇင်းအယ်ဒီတာချုပ် ဖီးအလက်ဇန္ဒြားက ပြောကြားပါတယ်။

တကယ်တော့ အဆိုတော်ရူးမားဟာ ဗြိတိသျှ လူမျိုးတစ်ဦး မဟုတ်ခဲ့ပါဘူး။ သူမဟာ ပါကစ္စတန်နိုင်ငံ အစ္စလမ္မာဘတ်မြို့သူ ဖြစ်ပါတယ်။ သူမရဲ့ဖခင်က တာဆီလာဆန် တည်ဆောက်ရေး စီမံကိန်းမှ ဗြိတိသျှအင်ဂျင်နီယာတစ်ဦးဖြစ်ပါတယ်။ သူမတို့မိသားစုဟာ အစကအစ္စလမ္မာဘတ်မြို့မှာ နေကြပါတယ်။ သူမအသက် ၁၁ နှစ်အရွယ်မှာတော့ သူမအမေနဲ့ အဖေဟာ ကွာရှင်းပြတ်စဲလိုက်ကြပါတယ်။ ဒီနောက်မှာတော့ သူမတို့မိသားစုဟာ အင်္ဂလန်မှာပဲပြန်နေခဲ့ကြတယ်။ အသက် ၁၆ နှစ်အရွယ်မှာတော့ ဂီတလောကထဲ ဝင်ခဲ့ပြီး ကမ္ဘာကျော် အဆိုတော်တစ်ယောက်အဖြစ် ရပ်တည်လာနိုင်ခဲ့ပါတယ်။ (အင်တာနက်)

ဝင်ငွေအကောင်းဆုံးအဆိုတော် အန်ဒါဝုဒ်

လော့စ်အိန်ဂျလိစ် ဇူလိုင် ၂၃

*ပြီးခဲ့တဲ့တစ်နှစ်တာအတွင်း အမေရိကန် အိုင်ဒေါ (American idol) အဆိုတော်များရဲ့ ဝင်ငွေအကောင်းဆုံး စာရင်းကို ဖောဘက်မဂ္ဂဇင်းက ထုတ်ပြန်လိုက်ပါတယ်။ အမေရိကန်အိုင်ဒေါ အဆိုတော်များဟာ အမေရိကန်ရုပ်သံလိုင်းရဲ့ကျော်ကြားတဲ့ အဆိုတော်တွေ ဖြစ်ကြပါတယ်။ အိုင်ဒေါ အဆိုတော် ကာရီအန်ဒါဝုဒ် (Carrie Underwood) **(အောက်ပုံ)**ဟာ ပြီးခဲ့တဲ့နှစ်အတွင်း တေးအယ်လ်ဘမ်စုစုပေါင်း ကိုးသိန်းနီးပါး ကမ္ဘာတစ်ဝန်း ရောင်းချခဲ့ရာမှာ ဒေါ်လာသန်း ၂၀ ကျော် ဝင်ငွေရခဲ့တယ်လို့ သိရပါတယ်။*

သူဟာ အမေရိကန်အိုင်ဒေါ အဆိုတော်တွေထဲမှာ နာမည်အကြီးဆုံးဖြစ်ပြီး ပရိသတ်အားပေးမှု အများဆုံးရတဲ့အဆိုတော်လည်း ဖြစ်ပါတယ်။ ဒုတိယဝင်ငွေအများဆုံး အဆိုတော်ကတော့ အမျိုးသား အဆိုတော် လမ်းဘတ် (Lambert) ပဲ ဖြစ်ပါတယ်။ ရှော့ခ်အဆိုတော်လေး လမ်းဘက်ဟာ ရှော့ခ်အဆိုတော်များထဲမှာ အလွန်လူကြိုက်များခဲ့ပြီး ဝင်ငွေ အမေရိကန် ဒေါ်လာခြောက်သန်း ရရှိခဲ့တယ်လို့ဆို ပါတယ်။ **(အင်တာနက်)**

စက်တပ်ဆင်အား (၇၅) မဂ္ဂါဝပ်ရှိ ရွှေကျောင်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ

စက် (၄)လုံးဖြင့် အပြည့်အဝမောင်းနှင်ပြီး ဓာတ်အားထုတ်လုပ်ပေးနေ

နေပြည်တော် ဇူလိုင် ၂၃

အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းသည် တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၂၂ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ရွှေကျောင်မြို့နယ်အတွင်း တည်ဆောက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ရွှေကျောင်ရေအားလျှပ်စစ် စီမံကိန်းသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရေထိန်းတမံ၌ တမံပြီးစီးမှု၊ တမံအတွင်း ရေဝင်ရောက်နေမှု၊ ရေယူအဆောက်အအုံနှင့် ရေထိန်းတံခါးတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဓာတ်အားပေးစက်ရုံအတွင်း ဓာတ်အားပေးစက်လေးလုံးမှ စက်မောင်းနှင် ဓာတ်အားထုတ်လုပ်ပေးနေမှု Generator Floor ရှိ စက်တစ်လုံးချင်းစီကို ကြည့်ရှုစစ်ဆေးပြီး စက်များ ကြံ့ခိုင်ထိန်းသိမ်းမှုများနှင့် ပတ်သက်၍ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးအား ဓာတ်အားပေးစက်များ ထိန်းချုပ်ခန်း (Control Room) ၌ စက်ရုံမှူးနှင့် စက်ခန်းတာဝန်ခံအင်ဂျင်နီယာတို့က ဓာတ်အားထုတ်လုပ်ပေးနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထုတ်လုပ်ပေး

ရွှေကျောင်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၌ စက်လေးလုံး တပ်ဆင်ထားပြီး စက်တပ်ဆင်အား စုစုပေါင်း(၇၅) မဂ္ဂါဝပ်ရှိသည်။ ပထမစက်ကို ၂၀၁၀ခုနှစ် ဒီဇင်ဘာ ၂၉ ရက်၊ ဒုတိယစက်ကို ၂၀၁၁ခုနှစ် မတ် ၂၅ ရက်၊ တတိယစက်ကို ၂၀၁၁ခုနှစ် ဇွန် ၂ ရက်၊ စတုတ္ထစက်ကို ၂၀၁၁ခုနှစ် ဇူလိုင် ၂၁ ရက် တို့တွင်စတင်၍ စီးပွားဖြစ် မောင်းနှင်လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးခဲ့ပြီဖြစ်ပြီး ယခုစစ်ဆေးချိန်တွင် စက်လေးလုံးဖြင့် အပြည့်အဝ မောင်းနှင်ဓာတ်အား ထုတ်လုပ်ပေးနေပြီ ဖြစ်သည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရှုရပ်မှ တမံအတွင်း ရေဝင်ရောက်နေမှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်၌ အမှတ်(၄) တည်ဆောက်ရေးညွှန်ကြားရေးမှူးက ရွှေကျောင်ရေအား လျှပ်စစ်စီမံကိန်း၏ တည်ဆောက်ရေးလုပ်ငန်းကြီး (၉)ရပ်တို့၏ လုပ်ငန်းတစ်ခုချင်းအလိုက် ရာနှုန်းပြည့် ပြီးစီးမှုကိုလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်က ငါးနှစ်အတွင်း နှစ်စဉ် လအလိုက် ရေစီးဝင်ရောက်မှု၊ ယခုနှစ် ရေဝင်ရောက်မှု နှိုင်းယှဉ်ချက်နှင့် ရေဝင်ရောက်မှုအရ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနိုင်မှုနှင့် ကျန်လုပ်ငန်းများ အပြီးသတ်ဆက်လက်ဆောင်ရွက်နေမှု တို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက စက်လေးလုံးမှ လျှပ်စစ်ဓာတ်အား (၇၅) မဂ္ဂါဝပ်ထုတ်လုပ် မောင်းနှင်ပေးနိုင်ပြီ ဖြစ်သော်လည်း ကျန်ရှိသော အပြီးသတ်လုပ်ငန်းများ အမြန်ပြီးစီးအောင် ဆက်လက် ဆောင်ရွက်ရန်၊ ရေပိုလွှဲမှ ရေမကျော်စေဘဲ မိုးများသောကာလတွင် စက်လေးလုံးစလုံးကို စွမ်းအားပြည့်မောင်းနှင်၍ ဓာတ်အား ထုတ်လုပ်ပို့လွှတ်ရန်၊ တမံနှင့် ဓာတ်အားပေးစက်ရုံအပြင် ရေအားနှင့် ပတ်သက်သော အဆောက်အအုံများ၏ လုံခြုံရေးကို အထူးဂရုစိုက်ရန်၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ သစ်ပင်စိုက်ပျိုးရေး လုပ်ငန်းများကို မိုးရာသီတွင် အထူးခွန်အားစိုက်ထုတ်ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ရွှေကျောင်ရေအားလျှပ်စစ်စီမံကိန်းသည် စက်တစ်လုံးလျှင် (၁၈ ဒသမ ၇၅) မဂ္ဂါဝပ်ရှိသော စက်လေးလုံး တပ်ဆင်လျက် စုစုပေါင်း လျှပ်စစ်စက်တပ်ဆင်အား (၇၅) မဂ္ဂါဝပ်ရှိပြီး ယခုအခါ စက်လေးလုံးစလုံး တပ်ဆင်ပြီးစီး၍ စက်လေးလုံးဖြင့် မောင်းနှင် ဓာတ်အားထုတ်လုပ်ပေးလျက်ရှိရာ တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ် နာရီသန်းပေါင်း ၂၆၂ သန်း ထုတ်လုပ်ပေးနိုင်မည် ဖြစ်ကြောင်းသိရှိရသည်။**(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း ရွှေကျောင်ရေအားလျှပ်စစ်စီမံကိန်း၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း အင်္ဂလိပ်ဘာသာစကားနှင့် I.C.T နည်းပညာသင်တန်း အမှတ်စဉ် (၁/၂၀၁၁) သင်တန်းဆင်းပွဲအခမ်းအနား၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အားကစားဝန်ကြီးဌာန အင်္ဂလိပ်ဘာသာစကားနှင့် I.C.T နည်းပညာသင်တန်းဆင်း

နေပြည်တော် ဇူလိုင် ၂၃

အားကစားဝန်ကြီးဌာန အင်္ဂလိပ်ဘာသာစကားနှင့် I.C.T နည်းပညာ သင်တန်း အမှတ်စဉ် (၁/၂၀၁၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အားကစားဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ရာ သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက လက်ခံသည်။

ထို့နောက် သင်တန်းသားတစ်ဦးနှင့် သင်တန်းသူတစ်ဦးတို့က မြန်မာနိုင်ငံတွင် လက်ခံကျင်းပမည့် ၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် စပ်လျဉ်းသည့် Power Point ကို အင်္ဂလိပ်စကားပြောဖြင့် လည်းကောင်း၊ " Proud Of You "အမည်ရှိ အင်္ဂလိပ်သီချင်းကို သင်တန်းသား သင်တန်းသူများက စုပေါင်းသီဆို၍ လည်းကောင်း တတ်မြောက်မှု စွမ်းရည်ပြကြသည်။

ဆက်လက်၍ သင်တန်းတာဝန်ခံ ဒေါက်တာ အောင်ကျော်ဆန်းက သင်တန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး သင်တန်းသား သင်တန်းသူများနှင့် အခမ်းအနားတက်ရောက်လာကြသူများက အာရှမြန်မာသီချင်းကို သံပြိုင်သီဆိုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နမ္မတူမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကျေးလက်ရေပေးရေး လုပ်ငန်းဖြစ်သည့် နမ့်ကတ်ကျေးရွာ စိမ့်စမ်းရေသွယ်လုပ်ငန်း ရေပိုက်သွယ်တန်းခြင်းနှင့် ရေကန်တည်ဆောက်ခြင်း လုပ်ငန်းတို့ကို အမှုဆောင်အရာရှိ ဦးဆန်းမင်း ကြီးကြပ်လျက် တာဝန်ခံအင်ဂျင်နီယာ ဦးမင်းသူနှင့် အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ကြစဉ်။
(မြို့နယ်စည်ပင်)

ရခိုင်ပြည်နယ်တွင် မိုးလျော့နည်းနိုင်

နေပြည်တော် ဇူလိုင် ၂၃

စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	အပူချိန်(စင်တီဂရိတ်)		မနက်ဖြန်အတွက်	
		အမြင့်ဆုံး	အနိမ့်ဆုံး	ခန့်မှန်းချက်	ရွာရန်ရာနှုန်း
၁	ကချင်ပြည်နယ်	၂၈	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာ	၈၀%
၂	ကယားပြည်နယ်	၂၈	၂၀	နေရာကျဲကျဲမိုးထစ်ချုန်းရွာ	၈၀%
၃	ကရင်ပြည်နယ်	၂၇	၂၃	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ	၈၀%
၄	ချင်းပြည်နယ်	၂၁	၁၃	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ	၈၀%
၅	စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)	၂၈	၂၄	နေရာကျဲကျဲမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၈၀%
၆	စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)	၃၆	၂၅	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာ	၈၀%
၇	တနင်္သာရီတိုင်းဒေသကြီး	၂၆	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၈၀%
၈	ပဲခူးတိုင်းဒေသကြီး	၂၇	၂၁	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာ	၈၀%
၉	မကွေးတိုင်းဒေသကြီး	၃၀	၂၅	နေရာကျဲကျဲမိုးထစ်ချုန်းရွာ	၈၀%
၁၀	မန္တလေးတိုင်းဒေသကြီး	၃၆	၂၆	နေရာကျဲကျဲမိုးထစ်ချုန်းရွာ	၈၀%
၁၁	မွန်ပြည်နယ်	၂၆	၂၂	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၈၀%
၁၂	ရန်ကုန်တိုင်းဒေသကြီး	၂၉	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာ	၈၀%
၁၃	ရခိုင်ပြည်နယ်	၂၉	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာ	၈၀%
၁၄	ရှမ်းပြည်နယ်(တောင်ပိုင်း)	၂၃	၁၇	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ	၈၀%
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၃၀	၂၂	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ	၈၀%
၁၆	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၂၉	၂၄	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ	၈၀%
၁၇	ဧရာဝတီတိုင်းဒေသကြီး	၂၉	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာ	၈၀%
၁၈	နေပြည်တော်နှင့် အနီးတစ်ဝိုက်	၃၁	၂၄	နေရာကွက်ကျားမိုးထစ်ချုန်းရွာ	၈၀%
၁၉	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်	၂၉	၂၄	မိုးတစ်ကြိမ်၊နှစ်ကြိမ်ထစ်ချုန်းရွာ	၈၀%
၂၀	မန္တလေးမြို့နှင့် အနီးတစ်ဝိုက်	၃၆	၂၆	နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်	၆၀%

ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသ တိုင်းထွာချက် အကျဉ်းချုပ်	လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးရွာခဲ့ပြီး ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။
ဘင်္ဂလားပင်လယ်အော်အခြေအနေ	ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။
မြန်မာ့ပင်လယ်ပြင်အခြေအနေ	မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။
နောက်နှစ်ရက်အတွက်ခန့်မှန်းချက်	ရခိုင်ပြည်နယ်တွင် မိုးလျော့နည်းနိုင်သည်။

❖ *ကျောဖုံးမှ*

ပေးရန်ဖြစ်ကြောင်း၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသည် မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ဖော်ညွှန်းနေသည့် ဒေသတစ်ခုဖြစ်ခြင်း၊ ဤဒေသရှိ ယဉ်ကျေးမှုအနုပညာလက်ရာများသည် တန်ဖိုးမြင့်မားသည့် ရှေးဟောင်းအမွေအနှစ်များဖြစ်သကဲ့သို့ မြန်မာတို့၏ ယုံကြည်ကိုးကွယ်ရာ ဘာသာတရားဆိုင်ရာ စေတီ၊ ပုထိုးများ တစုတဝေးတည်းတည်ရှိသည့် ဒေသတစ်ခုဖြစ်ခြင်းနှင့် မြန်မာနိုင်ငံ၏ အဓိကအကျဆုံးသော ခရီးသွားလုပ်ငန်း မြို့တစ်မြို့ဖြစ်ခြင်း စသည့် ထူးခြားသည့် ဂုဏ်အင်္ဂါရပ် (၃)ရပ်ကြောင့် နိုင်ငံနှင့် လူမျိုးအတွက် အရေးကြီးသော တန်ဖိုးကြီးမားသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ အဆိုပါ ဂုဏ်အင်္ဂါရပ်များ ရေရှည်တည်တံ့ပြီး မပျောက်ပျက်အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ပူးပေါင်းရှာဖွေ

မြန်မာလူမျိုးများသည် မြောက်ဘက် တိဗက်ကုန်းမြင့်ဒေသက ဆင်းသက်လာသည့် မွန်ဂိုလွိုက်မျိုးနွယ်စုက ဆင်းသက်ခဲ့သည်ဟု ယခင်က သတ်မှတ်ခဲ့ကြသော်လည်း ၁၉၇၉ ခုနှစ်တွင် နိုင်ငံတော်နှင့် နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များပါဝင်သော အဖွဲ့အစည်းများ၏ ပူးပေါင်းရှာဖွေဖော်ထုတ်ချက်အရ ပုံတောင်ပုံညာဒေသ မြိုင်မြို့နယ်နှင့် ပုလဲမြို့နယ်များတွင် အဆင့်မြင့် လူတူပရိုင်းမိတ်ရုပ်ကြွင်းများ စတင်တွေ့ရှိခဲ့ပြီး နိုင်ငံတကာရှိ အဖွဲ့အစည်းများက ခေတ်မီနည်းစနစ်များဖြင့် စစ်ဆေးခဲ့ရာ ရှေးနှစ်ပေါင်းသန်း (၄၀)က လူတူပရိုင်းမိတ် ရုပ်ကြွင်းများအဖြစ် သိရှိခဲ့ရကြောင်း၊ ထိုပရိုင်းမိတ်များသည် အာဖရိကဒေသတွင် တွေ့ရှိရသည့် နှစ်သန်း (၃၃)နှစ် သက်တမ်းရှိ ပရိုင်းမိတ်ရုပ်ကြွင်းများထက် သက်တမ်းပိုမိုစောသည့်အတွက် "ကမ္ဘာ့လူသားအစမြန်မာက"ဟု ကမ္ဘာကပင် အသိအမှတ်ပြုလက်ခံခဲ့ကြကြောင်း။

ညောင်ဦးခရိုင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ပုဂံရှေးဟောင်းသုတေသနပြတိုက် အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပုဂံဒေသရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

အဆိုပါ တွေ့ရှိချက်များအရ မြန်မာလူမျိုးများသည် မိမိတို့၏ မြန်မာနိုင်ငံ လက်ရှိဒေသတွင် စတင်ဖြစ်တည်ခဲ့သဖြင့် မြန်မာတို့၏ ဇာတိဂုဏ်သည် ပိုမိုမြင့်မားလာခဲ့ရကြောင်း၊ ဤဒေသတွင် ဖြစ်တည်ခဲ့သည့် မြန်မာလူမျိုးများသည် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်၊ မြို့ပြခေတ် စသည့် ခေတ်အသီးသီးကို ဖြတ်သန်းခဲ့ပြီးနောက် အေဒီ (၁၀၄၄)တွင် အနော်ရထာမင်းကြီးက ပထမမြန်မာနိုင်ငံတော်ကို ပုဂံဒေသတွင် စတင်တည်ထောင်ခဲ့ကြောင်း၊ ထိုသို့ တည်ထောင်ခဲ့ရာမှ ကြွင်းကျန်ရစ်သော **ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို နိုင်ငံတော်က ခေတ်မီနည်းစနစ်များဖြင့် စနစ်တကျ ထိန်းသိမ်းထားသကဲ့သို့ ဒေသခံပြည်သူများကလည်း အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရန်လိုကြောင်း။**

ပုဂံဒေသတွင် ရှေးအဆိုအရ စေတီ၊ ပုထိုး၊ ဂူဘုရားပေါင်း (၄၄၄၆) ဆူ တည်ထားကိုးကွယ်ခဲ့ရာ မြန်မာလူမျိုးများအတွက် တန်ဖိုးကြီးမားသည့် ရှေးဟောင်းအမွေအနှစ်များဖြစ်သကဲ့သို့ တစ်ဖက်ကလည်း မိမိတို့လူမျိုးများ ယုံကြည်ကိုးကွယ်သည့် စေတီ၊ ပုထိုးများ တစုတဝေးတည်း ထုနှင့်ထည်နှင့် စုစည်းတွေ့ရှိနိုင်သည့် ဒေသတစ်ခုဖြစ်ကြောင်း၊ ပုဂံဒေသရှိ စေတီ၊ ပုထိုး၊ ဂူဘုရားများ၊ ယင်းတို့တွင်တန်ဆာဆင်ထားသည့် အင်္ဂတေပန်းလက်ရာများ အပါအဝင် ပန်း(၁၀)မျိုး အနုပညာလက်ရာများ၊ စဉ့်ကွင်း၊ စဉ့်ချပ် အနုပညာလက်ရာများ၊ စေတီ၊ ပုထိုးများအတွင်း ရေးထိုးထားသည့် နံရံပန်းချီ၊ မင်စာ၊ ကျောက်စာ၊ ခေါင်းလောင်းစာ စသည့် ရှေးဟောင်းစာပေအရေးအသားများကို ကြည့်ခြင်းအားဖြင့် မြန်မာတို့၏ ဗိသုကာအတတ်ပညာနှင့် အနုလက်ရာ အဆင့်အတန်းမြင့်မားမှုကို ကမ္ဘာကပင် အသိအမှတ်ပြုကြရကြောင်း၊ ထို့ပြင် တူးဖော်တွေ့ရှိခဲ့သည့် ပန်းထိမ်၊ ပန်းတဉ်းလက်ရာများသည်လည်း အလွန်အဆင့်မြင့်မားခဲ့ကြောင်း။

မွမ်းမံထိန်းသိမ်း

ပထမမြန်မာနိုင်ငံတော်ခေတ်ကတည်းက တည်ထားခဲ့သည့် အလွန်အဆင့်အတန်းမြင့်မားသည့် ရှေးဟောင်းအမွေအနှစ်များကို ဒုတိယနှင့် တတိယမြန်မာနိုင်ငံတော်ခေတ်များတွင်လည်း မင်းစိုးရာဇာ၊ သူဌေးသူကြွယ်၊ စေတနာရှင် ပြည်သူများက အစဉ်အဆက် ပြုပြင်ထိန်းသိမ်းလာခဲ့ကြရာ မိမိတို့၏ ဘိုးဘေးဘီဘင်များက တန်ဖိုးထား၍ အဆင့်ဆင့်ထိန်းသိမ်းခဲ့ကြသည်ကိုတွေ့ရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ထိန်းသိမ်းလာခဲ့ကြပြီးနောက် ခေတ်အဆက်ဆက် တာဝန်ယူခဲ့ကြသည့် အစိုးရများကလည်း ထပ်ဆင့်ပြုပြင်မွမ်းမံ ထိန်းသိမ်းခဲ့ကြကြောင်း၊ **၁၉၈၈ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရလက်ထက်တွင် ရှေးဟောင်းအမွေအနှစ်များနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်များ ပျောက်ပျက်မသွားစေရန် နိုင်ငံတော်၏ ကျခံသုံးစွဲငွေအပြင် ပြည်သူလူထုထံမှ လှူဒါန်းငွေများကိုပါလက်ခံ၍ နိုင်ငံတော်နှင့်ပြည်သူ အား နှစ်အားဖြင့် ပြုပြင်ထိန်းသိမ်းခဲ့ကြကြောင်း၊ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရာတွင်လည်း မူဝါဒ တိကျခိုင်မာမှုနှင့် ဆင်ခြင်တွေးခေါ်မှု ပြည့်ဝစွာဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။**

တိုင်းတစ်ပါးလူမျိုးခြားများနှင့် မိမိတို့ မြန်မာလူမျိုးများ၏ တွေးခေါ်ခံယူချက်နှင့် ဆင်ခြင်သုံးသပ်ချက်ကွာခြားမှုမှာ ပုဂံမြို့နှင့် ပုဂံဒေသရှိ ရှေးဟောင်းအမွေအနှစ် ဘုရား၊ ပုထိုး၊ စေတီ၊ ကျောင်း၊ ကန်များသည် တိုင်းတစ်ပါးလူမျိုးခြားများအတွက် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်သက်သက်သာဖြစ်သော်လည်း မြန်မာတို့အတွက်မှာမူ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဖြစ်ရုံသာမက ယုံကြည်ကိုးကွယ်ရာ ဘာသာတရား၏ အထွတ်အမြတ်ထားရာလည်း ဖြစ်ကြောင်း၊ တိုင်းတစ်ပါးလူမျိုးခြားများ၏အမြင်တွင် ရှေးဟောင်းဘုရား၊ ပုထိုးများပြုပြင်ပါက ရှေးဟောင်းတန်ဖိုးကျဆင်းသည်ဟု ဆိုကြသော်လည်း မိမိတို့အနေဖြင့်မူ မပြုပြင်၍ ပျက်စီးပျောက်ပျက်သွားပါက မိမိတို့လူမျိုးများ၏ကိုးကွယ်မှုပါ ပျောက်ဆုံးသွားနိုင်သည်အထိ ဆုံးရှုံးသွားရမည်ကို ၎င်းတို့အနေဖြင့် ထည့်သွင်းသုံးသပ်မှုမရှိကြပါကြောင်း၊ သို့ဖြစ်၍ ပုဂံဒေသရှိ ရှေးဟောင်းအမွေအနှစ် စေတီ၊ ပုထိုးများကို ရှေးဟောင်းအမွေအနှစ်အဖြစ် ထိန်းသိမ်းခြင်းအပြင် ဘာသာတရား၏ အထွတ်အမြတ်ထားရာအဖြစ် တန်ဖိုးထားကာ ရှေးမူမပျက် ပြုပြင်တည်ဆောက်ခြင်းကို မူဝါဒချမှတ် ဆောင်ရွက်ခဲ့ကြောင်း။

အနီးကပ်ကြီးကြပ်

ယင်းကဲ့သို့ ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းမွမ်းမံတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း နိုင်ငံတကာ၌ အသုံးပြုလျက်ရှိသော ခေတ်မီဗိသုကာနည်းပညာများကို တတ်မြောက်ကျွမ်းကျင်သည့် ဗိသုကာပညာနှင့် ပတ်သက်၍ ပါရဂူဘွဲ့၊ မဟာဘွဲ့၊ ဒီပလိုမာဘွဲ့နှင့် ပြည်ပတွင် နှစ်တိုနှစ်ရှည် သင်တန်းတက်ရောက်အောင်မြင်ခဲ့ကြသည့် မြန်မာကျွမ်းကျင် အင်ဂျင်နီယာများအား တာဝန်ပေး၍ အနီးကပ်ကြီးကြပ် ဆောင်ရွက်စေခဲ့ကြောင်း၊ **အုတ်ပုံအဖြစ် ပြိုလဲနေသည့် ရှေးဟောင်းအမွေအနှစ်များကို ပြုပြင်ထိန်းသိမ်းရာတွင် မူလစေတီ၊ ပုထိုး၏ လက်ရှိအနေအထားကို ယခုထက် ပိုမိုပျက်စီးပျောက်ပျက်မသွားအောင် ကြံ့ခိုင်ထိန်းသိမ်းမှု ပြုလုပ်ထားရှိပြီး ယင်း၏ဘေး၌ ယင်းနှင့်ပုံစံတူ မူလစေတီ၏ ရှေးပန္နက်ပုံစံနှင့်အညီ ရှေးမူမပျက် ပြန်လည်ပြုပြင်ထိန်းသိမ်းမှုကို ခေတ်မီနည်းပညာဖြင့် တွက်ချက်ဖော်ထုတ် ပြုပြင်ဆောင်ရွက်လျက်ရှိပါကြောင်း၊** ထိုသို့ Structure ကို ပြုပြင်ထိန်းသိမ်းသကဲ့သို့ ဘုရား၊ ကျောင်း၊ ကန်၊ ဂူများ၏ အပြင်ပိုင်းနှင့် အတွင်းပိုင်းတို့တွင် တန်ဆာဆင်မွမ်းမံ ရေးဆွဲထားသည့် ပန်းချီ၊ ပန်းပု၊ ပန်းတမော့၊ ပန်းတော့၊ အင်္ဂတေပန်းစသည့် အနုပညာလက်ရာများကိုလည်း ခေတ်မီနည်းစနစ်များသုံး၍ သိပ္ပံနည်းကျ ပြုပြင်ထိန်းသိမ်းခဲ့ပါကြောင်း။

သိပ္ပံနည်းကျပြုပြင်

ထိုသို့ ထိန်းသိမ်းတည်ဆောက်မှုလုပ်ငန်းများကို UNDP ၊ UNESCO အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံမှ Structural Conservation ၊ အီတလီနိုင်ငံရှိ အပြည်ပြည်ဆိုင်ရာ ရှေးဟောင်းအမွေအနှစ်ထိန်းသိမ်းရေးဗဟိုဌာန (ICCROM)၊ ဂျပန်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့ရှိ ရှေးဟောင်းအဆောက်အအုံထိန်းသိမ်းမှုသင်တန်းများတက်ရောက် အောင်မြင်ခဲ့သည့် ကျွမ်းကျင်အင်ဂျင်နီယာများနှင့် ဆောင်ရွက်ခဲ့ကြောင်း၊ ပုဂံဒေသတွင် မြင်ကပါဂူပြောက်ကြီး၊ အပယ်ရတနာ၊ လောကထိပ်ပန်ဘုရားများ အပါအဝင် ဘုရား (၁၂) ဆူတို့တွင်ရှိသည့် နံရံဆေးရေးပန်းချီများအား ကြေးချွတ်ကြံ့ခိုင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ဘုရား(၉၃)ဆူ၏ အင်္ဂတေပန်းလက်ရာများ ပြုပြင်ထိန်းသိမ်းခြင်း၊ စစ်ကိုင်းတိုင်းလောက ဂုရု၊ မြင်ကွန်း၊ ကျွန်းတော်၊ ဆားလည်၊ စလေ၊ ပုခန်းကြီး၊ ပုခန်းငယ်ဒေသများရှိ ပုဂံခေတ်နှင့် အင်းဝခေတ်ဘုရား (၉၄)ဆူကိုလည်း နံရံဆေးရေးပန်းချီများနှင့် အင်္ဂတေပန်းများကို ဓာတုဗေဒဆေးဝါးများဖြင့် စနစ်တကျ သိပ္ပံနည်းကျ ပြုပြင်မွမ်းမံထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်ကြောင်း။

ပုဂံဒေသရှိ ရှေးဟောင်းအဆောက်အအုံများ၊ မြေပေါ်မြေအောက်ရှိ စေတီ၊ ပုထိုး၊ အဆောက်အအုံများကို စနစ်တကျ ပုံဆွဲ၊ ဓာတ်ပုံရိုက်ပြီး အသေးစိတ်အချက်အလက်များပြုစုခြင်းကို ၁၉၈၄ ခုနှစ်မှစတင်ပြီး UNESCO မှ ပညာရှင် မစ္စတာပီးရားပစ်ချပ် ဦးစီးကာ ဌာနမှဝန်ထမ်းများနှင့်ဆောင်ရွက်ခဲ့၍ ၁၉၉၆ ခုနှစ်တွင် Inventory of Monuments of Bagan စာအုပ်အတွဲ (၈)တွဲကို အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေနိုင်ခဲ့ပါကြောင်း၊ ၎င်းအပြင် ပုဂံဒေသရှိ ပန္နက်ပုံ၊ Structure ဆွဲပုံနှင့်တကွ စေတီ၊ ပုထိုး၊ ဂူဘုရားပေါင်း (၂၂၃၀) ကို မှတ်တမ်းများ အသေးစိတ် ပြုစုထိန်းသိမ်းထားပြီးဖြစ်ကြောင်း၊ အလားတူ ပုဂံဘုရား (၇၇) ဆူတွင်ရှိသည့် နံရံဆေးရေးပန်းချီနှင့်ပတ်သက်၍ ရေရှည်မှတ်တမ်းတည်ရှိစေရန် Digital Format ဖြင့် ထိန်းသိမ်းထားရှိပြီး ဖြစ်သကဲ့သို့ အခြားတစ်ဖက်ကလည်း UNESCO အဖွဲ့၏ အကူအညီဖြင့်ဆောင်ရွက်ရန် ကျန်ဘုရား၊ ပုထိုးများ ထိန်းသိမ်းရေးလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံ၏ ရှေးဟောင်းအမွေအနှစ်များ ထိန်းသိမ်းထားရှိသည့် သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်းမြို့ဟောင်းများကို ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်စာရင်း (World Heritage List) တွင်ပါဝင်အောင် UNESCO နှင့် ပူးပေါင်းဆောင်ရွက်နေသည်မှာ ယခုလအတွင်း နောက်ဆုံး Application တင်ရန်အဆင့်သာ ကျန်တော့ကြောင်း၊ Application တင်ပြီးပါက UNESCO ၏ Process များသာ ကျန်တော့မည်ဖြစ်ကြောင်း၊ UNESCO ၏ Process ပြီးပါက သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်းမြို့ဟောင်းများသည် ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းတွင် ပါဝင်လာတော့မည်ဖြစ်ကြောင်း၊ ရှေးဟောင်းအမွေအနှစ်များ ထိန်းသိမ်းရာတွင် ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်၍ရသည်များကို ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ပူးပေါင်းဆောင်ရွက်၍ မရသည်များကို နိုင်ငံတကာ ခေတ်မီနည်းပညာများအသုံးပြု၍ ရှေးမူမပျက် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ထိန်းသိမ်းရေးလုပ်ငန်းများကို လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

ပြန်လည်ဖော်ထုတ်

ရှေးဟောင်းအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းမွမ်းမံမှုလုပ်ငန်းများကို ပုဂံဒေသအပြင် ရှေးဟောင်းအမွေအနှစ်များတည်ရှိသည့် အင်းဝ၊ မန္တလေး၊ ရွှေဘို၊ ပဲခူး၊ မြောက်ဦး၊ ရှမ်း၊ ကရင်ပြည်နယ်တို့တွင်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ အနာဂတ်ရည်မှန်းချက်အနေဖြင့် အင်းဝခေတ်သည် မြန်မာ့ယဉ်ကျေးမှုအပိုင်းတွင် စာပေယဉ်ကျေးမှု အထွန်းကားဆုံးဖြစ်သည့်အတွက် အင်းဝမြို့ဟောင်း၏ မြို့ရိုး၊ ကျုံးမှစ၍ သစ်လုံးခံတပ်များအထိ ပြန်လည်ထိန်းသိမ်းဖော်ထုတ်ရေးလုပ်ငန်းများ စီမံချက်ဖြင့် ဆက်လက်ဆောင်ရွက်ရန် စီစဉ်ထားကြောင်းကိုလည်း အသိပေးပြောကြားလိုကြောင်း၊ ပုဂံဒေသ၏ ဗိသုကာအနုပညာလက်ရာ အကြွယ်ဝဆုံးဖြစ်သည့် အာနန္ဒာဘုရားအား ကြံ့ခိုင်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို လာမည့်နိုဝင်ဘာလမှစတင်၍ အိန္ဒိယနိုင်ငံ Archaeological Survey of India မှ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ **ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်အနေဖြင့် နိုင်ငံတော်၏မူဝါဒနှင့် ကိုက်ညီသည့် မည်သည့်နိုင်ငံ၊ မည်သည့်အဖွဲ့အစည်း၊ မည်သည့်ပုဂ္ဂိုလ်နှင့်မဆို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။**

ပုဂံဒေသတွင် စာရင်းအရ ရှေးဟောင်းဘုရားစေတီ (၃၁၂၂)ဆူရှိပြီး ပြုပြင်ရန်မလိုအပ်သည့် ဘုရား (၁၂၂)ဆူ၊ ပြုပြင်ရန်လိုအပ်သည့်ဘုရားအဆူ (၃၀၀၀) ရှိရာ ယနေ့အထိ နိုင်ငံတော်နှင့် ပြည်သူတို့ပူးပေါင်း၍ ပြုပြင်ပြီး ဘုရား (၂၄၀၃) ဆူ၊ ပုံမှန်ထိန်းသိမ်းရေး ဆောင်ရွက်ရန်လိုသည့် ဘုရား (၅၃၄)ဆူနှင့် ဆက်လက်ပြုပြင်ရန် ဘုရား (၆၃)ဆူ ဖြစ်ကြောင်း၊ **ထိုပြုပြင်ရန် ကျန်ဘုရားများကို ဝန်ကြီးဌာနအနေဖြင့် ပြည်သူသို့ အသိပေးနှိုးဆော်ခဲ့ရာ ယခုအခါ ဘုရား (၆၃) ဆူစလုံး အလှူရှင်ရရှိပြီးဖြစ်ကြောင်း၊ ပြုပြင်ရန်ကုန်ကျမည့်ငွေမှာ ငွေကျပ် ၇၂၉၄ သိန်းဖြစ်ပြီး ယနေ့ အထိ အလှူရှင်များထံမှ အလှူငွေကျပ် ၄၅၈၄ သိန်း စတင်ရရှိပြီးဖြစ်ကြောင်း။**

မြှင့်တင်ဆောင်ရွက်

ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ပါရဂူဘွဲ့၊ မဟာဘွဲ့၊ ဒီပလိုမာဘွဲ့ရရှိပြီး ကျွမ်းကျင်အင်ဂျင်နီယာများ အနီးကပ်ကြီးကြပ်၍ ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေသကဲ့သို့ ပြည်သူလူထုနှင့် ဌာနဆိုင်ရာဝန်ထမ်းများကလည်း မိမိတို့လူမျိုး၏ ရှေးဟောင်းအမွေအနှစ်နှင့် ကိုးကွယ်ရာ၊ အထွတ်အမြတ်ထားရာ စေတီ၊ ပုထိုးများ ထိန်းသိမ်းရေးကို တတ်နိုင်သမျှ ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ပုဂံသည် မြန်မာနိုင်ငံ၏ အဓိကခရီးသွားမြို့တော်ဖြစ်သည့်အတွက်လည်း ဒေသခံပြည်သူများအနေဖြင့် ဟိုတယ်လုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း၊ ပို့ဆောင်ရေးလုပ်ငန်း၊ လက်မှုလုပ်ငန်း၊ ရောင်းဝယ်ရေးလုပ်ငန်းများ စသည့် အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး စီးပွားရေး၊ လူမှုရေး၊ အဆင့်အတန်းများ ပိုမိုမြင့်မားလာသည်ကို လက်တွေ့ခံစားနေကြရပြီဖြစ်ကြောင်း၊ ယခု နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် စီမံချက် ရှစ်ခု ချမှတ်ဆောင်ရွက်ရာတွင် ပုဂံဒေသ၌ လုပ်ကိုင်ဖြစ်ထွန်းနေသည့် ယွန်းထည်လုပ်ငန်း၊ ပန်းချီ၊ ပန်းပု၊ ကျောက်ဆစ်လက်ရာ အင်္ဂတေပန်းလက်ရာလုပ်ငန်းများ စသည့် အသေးစား၊ အလတ်စား အိမ်တွင်းလက်မှုလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးရေး စီမံချက်တစ်ခုလည်း ပါဝင်ကြောင်း၊ ထိုလုပ်ငန်းများကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုတိုးတက်အောင် ဆောင်ရွက်ရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် သမဝါယမဝန်ကြီးဌာနများကပါ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ရာ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ နိဂုံးချုပ်အနေဖြင့် ပုဂံဒေသရှိ ရှေးဟောင်းအမွေအနှစ်များ ရေရှည်တည်တံ့၍ မပျောက်မပျက်အောင် ဝိုင်းဝန်းထိန်းသိမ်းရာတွင် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများက အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၏ အချက်အလက်များ၊ ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် UNESCO အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်နေသည့် လုပ်ငန်းများ အခြေအနေ၊ နိုင်ငံတကာမှ ရှေးဟောင်းသုတေသနပညာရှင်များက နှစ်စဉ် ရှေးဟောင်းသုတေသနပညာရပ်များ လာရောက်သင်ကြားပို့ချ ပူးပေါင်းဆောင်ရွက်မှု၊ ဗိသုကာလက်ရာ ထူးခြားကောင်းမွန်သည့် ဘုရားများ၊ အနုစိတ်လက်ရာ ထူးခြားကောင်းမွန်သည့် ဘုရားများ၊ နံရံဆေးရေးပန်းချီလက်ရာ ထူးခြားကောင်းမွန်သည့် ဘုရားများ၊ ပုဂံခေတ် ဗုဒ္ဓတက္ကသိုလ်နှင့် အုတ်ကျောင်းများ စသည့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်စေရန် ပြုပြင်ထိန်းသိမ်းထားရှိမှု၊ ရာသီဥတုဒဏ်ကြောင့် ပြိုကျပျက်စီး၍ အုတ်ကုန်းများသဖွယ်ဖြစ်နေသော စေတီ၊ ပုထိုးများအား မူလပုံစံအတိုင်း ပြန်လည်မွမ်းမံတည်ဆောက်ထားရှိမှု၊ ရှေးဟောင်းအဆောက်အအုံအုတ်ရိုးစီ အစားဖြည့်လုပ်ငန်းများ၊ ပေါင်းကူး Arch way အကြီး၊ အသေး ဆောင်ရွက်ခြင်းလုပ်ငန်းများ၊ အနားသတ်၊ ကြားသိပ်ခြင်းလုပ်ငန်းများ၊ ဝမ်းစာဖျော်လောင်းခြင်းလုပ်ငန်းများ၊ အုတ်မြစ်စီခြင်းလုပ်ငန်းများ၊ သံကူကွန်ကရစ် ခါးပတ်ခြင်းလုပ်ငန်းများနှင့် ပြည်သူလူထု လှူဒါန်းငွေဖြင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ နိုင်ငံတော်ဘဏ္ဍာဖြင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ညောင်ဦးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြိုင်က မြစ်ရေတိုက်စားမှုကြောင့် ပြိုကျပျက်စီးနိုင်သည့် ရွှေသပိတ်ဘုရား၊ ကျောက်မျက်မော်ဘုရား၊ ယင်းဘုရားအနီးရှိ ဘုရားနှစ်ဆူနှင့် ဥမင်ကြီးတို့အား ဦးစားပေးပြုပြင်ထိန်းသိမ်းရန်အတွက် အကြံပြုဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ထိန်းသိမ်းရေးလုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီးက တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မျိုးစေ့မှန် အပင်သန် လယ်ယာထွက်ကုန်တိုးတက်ရန်

သန်းဦး (လေးမျက်နှာ)

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် စိုက်ပျိုးရေးကိုအခြေခံပြီး လယ်ယာထွက်ကုန်ထုတ်လုပ်မှု အရည်အသွေးမြင့်တင်ရေးနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ကြောင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည် နိုင်ငံတော်ကချမှတ်ထားသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ်(၈)ရပ်အနက် လယ်ယာကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်လူနေမှု စီးပွားဖွံ့ဖြိုးတိုးတက်ရန် စီးပွားရေးအရ တွက်ခြေကိုက်မည့် အထူးအထွက်တိုး မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့များထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး၊ စိုက်ပျိုးသီးနှံအလိုက် အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်စေရေးအတွက် ခေတ်မီသိပ္ပံနည်းကျ စိုက်စနစ် (Good Agriculture Practice)ကို အသုံးပြုနိုင်ရေး၊ အရည်အသွေးကောင်းမွန်သော အထူးအထွက်တိုး မျိုးစေ့များကို စဉ်ဆက်မပြတ်ထုတ်လုပ်နိုင်ရေးတို့အတွက် သုတေသနလုပ်ငန်းများကို အစဉ်မပြတ်ဆောင်ရွက်လျက်ရှိသည်။

စားနပ်ရိက္ခာဝမ်းစာဖူလုံရေးနှင့် ပိုလျှံဆန်စပါးများကို ပြည်ပသို့တင်ပို့ရောင်းချနိုင်ရေးသည် ဆန်စပါးစိုက်ပျိုးသော တောင်သူလယ်သမားများနှင့် စပါးစိုက်ပျိုးထုတ်လုပ်သူများအပေါ်တွင် မူတည်သည်။ စပါးအထွက်နှုန်းတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ရေ၊ မြေ၊ ရာသီဥတုနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သော မျိုးကောင်း မျိုးသန့်များအသုံးပြုရန် လိုအပ်သည်။ မြန်မာ့ဆိုရိုးစကားရှိသည့်အတိုင်း **"မျိုးစေ့မမှန် ပင်မသန် ဖူးတံငုံကင်း အသီးဖျင်း"** ဟူ၍ ဆိုသည်။ သို့ပါ၍ စိုက်ပျိုးရန် အသုံးပြုသည့်မျိုးစေ့သည် အရည်အသွေးကောင်းမွန်သော မျိုးစေ့များဖြစ်ရန် အလွန်အရေးကြီးသည်။ အရည်အသွေးကောင်းသည့် မျိုးစေ့များကိုရွေးချယ်စိုက်ပျိုးမှသာ နိုင်ငံတကာအဆင့်မီ လယ်ယာကုန်ထုတ်လုပ်မှု ထွက်ကုန်များတိုးတက်လာမည်ဖြစ်သည်။

ထိုသို့ လယ်ယာကုန်ထုတ်လုပ်မှု အရည်အသွေးဖွံ့ဖြိုးတိုးတက်လာမှသာ နိုင်ငံတကာဈေးကွက်တွင် ဈေးကောင်းရရှိပြီး ကျေးလက်နေတောင်သူများ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာကာ ဆင်းရဲနွမ်းပါးမှုလျော့ကျနိုင်မည်ဖြစ်သည်။

ထို့ကြောင့် မျိုးကောင်း မျိုးသန့်စပါးစိုက်ပျိုးထုတ်လုပ်မှုနှင့်ပတ်သက်၍ အနည်းငယ်တင်ပြလိုပါသည်။ အဓိကမျိုးစေ့(seed) ဖြစ်သည်။ မျိုးစေ့ဆိုသည်မှာ စိုက်ပျိုးရန်အတွက် ရည်ရွယ်ထုတ်လုပ်ပြီး မျိုးစေ့အဆင့်အလိုက် သတ်မှတ်ထားသော အရည်အသွေး စံချိန်စံညွှန်းနှင့်ကိုက်ညီသော သီးနှံ၏ မူလမျိုးရိုးဗီဇရုပ်သွင်များကို ထပ်တူပြု၍ စနစ်တကျထိန်းသိမ်းထုတ်လုပ်ရရှိသော မျိုးစေ့ကိုဆိုလိုသည်။ သီးနှံစေ့(Grain) ဆိုသည်မှာ စားသုံးရန်အတွက်ရည်ရွယ်၍ တောင်သူများမိရိုးဖလာ မိမိလယ်ယာတွင် စိုက်ပျိုးထွက်ရှိသောသီးနှံစေ့ကို ဆိုလိုသည်။ သို့ပါ၍ တောင်သူများစပါးစိုက်ပျိုးထုတ်လုပ်ရန်အတွက် စံချိန်စံညွှန်းနှင့် ကိုက်ညီသောမျိုးစေ့ကို ရွေးချယ်အသုံးပြုလာစေရန် အထူးလိုအပ်သည်။ သို့မှသာလျှင် စပါးအရည်သွေးနှင့် အထွက်နှုန်းတိုးတက်လာပြီး အခြေခံပန်းတိုင်တစ်ဧက ပျမ်းမျှအထွက်နှုန်း တင်း ၁၀၀ ကျော် ထွက်ရှိနိုင်မည်ဖြစ်သည်။

မျိုးကောင်း မျိုးသန့်စပါးစိုက်ပျိုးထုတ်လုပ်ခြင်းသည် တောင်သူများမိရိုးဖလာသမားရိုးကျနည်းဖြင့် စိုက်ပျိုးထုတ်လုပ်ခြင်းနှင့် လုံးဝမတူပေ၊ ခေတ်မီသိပ္ပံနည်းကျ အဆင့်ဆင့်စိုက်ပျိုးမှသာလျှင် စံချိန်မီအထွက်နှုန်းကောင်းမည်ဖြစ်သည်။ အထွက်နှုန်းကောင်း မျိုးကောင်း မျိုးသန့်စပါးစိုက်ပျိုးထုတ်လုပ်ရေးအတွက် မျိုးစေ့ရွေးချယ်ရာတွင် မိမိစိုက်ပျိုးမည့် ဒေသ၏ ရေ မြေ၊ ရာသီဥတုနှင့် ကိုက်ညီဖြစ်ထွန်းသော စပါးမျိုးများ၊ အထွက်နှုန်းမြင့်၍ ဆန်အရည်အသွေးကောင်းသော စပါးမျိုးများကို ဦးစားပေးရွေးချယ်ရန်လိုအပ်သည်။ မျိုးစေ့ခြံများမှ စနစ်တကျ ထုတ်လုပ်ထားသော မျိုးသန့်စပါးမျိုးစေ့များကို ရွေးချယ်စိုက်ပျိုးရမည်။ အဆိုပါ မျိုးသန့်စပါး မျိုးစေ့များကို ဒေသဆိုင်ရာ မျိုးစေ့ခြံများ၊ ဗဟိုခြံများ၊ မြို့နယ်စိုက်ပျိုးရေးရုံးများနှင့် ဆက်သွယ်၍ ရယူစုဆောင်းနိုင်သည်။ ရရှိသောမျိုးစေ့များကို စိုက်ပျိုးရန် ပျိုးထောင်၍ စိုက်ပျိုးသည့်စနစ်ကို ကျင့်သုံးရမည်။ စိုက်ခင်းတစ်ဧကအတွက် စပါးမျိုးစေ့ တစ်တင်းခွဲနှုန်း ပျိုးထောင်ရမည်။ ပျိုးထောင်ရာတွင် မြေဩဇာကောင်း၍ ရေသွင်းရေထုတ်လွယ်ကူသည့် မြေကွက်ဖြစ်ပြီး ယခင်စိုက်ပျိုးရာသီတွင်စိုက်ပျိုးသည့် မျိုးစပါးအဆင့်တူ မျိုးဖြစ်ရန်လိုအပ်သည်။ သို့မှသာ အခြားမျိုးကွဲများ ရောနှောခြင်းမှ ကာကွယ်နိုင်မည်။ ပျိုးထောင်ရာတွင် ရိုးရိုးတမန်းပျိုးခင်းအပြင် ပေါင်စနစ်ဖြင့်လည်း ပျိုးထောင်နိုင်သည်။ တောင်သူများ မိမိကြိုက်နှစ်သက်သလို ပျိုးထောင်နိုင်သည်။ ပေါင်စနစ်ဖြင့်ပျိုးထောင်ပါက ပေါင်ထိပ်ဝအကျယ် သုံးပေနှင့် ပေါင်အရှည် ပေ ၁၅၀၀၊ ပေါင်အမြင့် အနည်းဆုံး ခြောက်လက်မလိုအပ်သည်။ ယင်းပျိုးပေါင်တွင် မျိုးစေ့တစ်တင်းခွဲပျိုးထောင်ပါက စိုက်ခင်းတစ်ဧကစာ ပျိုးလုံလောက်စွာရရှိနိုင်သည်။ ပျိုးသက်ကို တောင်သူများမိမိစိုက်ပျိုးသည့် မျိုးစပါးအလိုက် သက်လျင်စပါးအတွက် ပျိုးသက် ၂၀ မှ ၂၅ ရက်ခန့်၊ သက်လတ်စပါးအတွက် ပျိုးသက် ၂၅ မှ ၃၀ ရက်ခန့်၊ သက်ကြီးစပါးအတွက် ပျိုးသက် ၃၀ မှ ၃၅ ရက်ခန့်တွင် ပျိုးနုတ်စိုက်ပျိုးနိုင်သည်။ ပျိုးနုတ်ရာတွင် ပျိုးပင်မနာစေရန် ပျိုးချေးကိုခြေနှင့် ရိုက်ခါခြင်းကို ရှောင်ကြဉ်၍ ပျိုးချေးကို ရေတွင်နှစ်၍ လှုပ်ခါဆေးကြောပြီး နေ့ချင်းစိုက်ပျိုးရမည်။ စိုက်ပျိုးရာတွင် ထွန်ယက်ကြေညက်ပြီး တမန်းပြင်တွင် လက်ဆ ၂-၃ပင်ဖြင့် ခြောက်တန်းတစ်တန်းလှုပ်စိုက်စနစ်ကိုသုံး၍ စိုက်ပျိုးရမည်။ ပင်ကြား တန်းကြားကို သက်လျင်စပါးအတွက် (၉ လက်မ × ၄ လက်မ)၊ သက်လတ်စပါးအတွက် (၈ လက်မ×၆ လက်မ)၊ သက်ကြီးစပါးအတွက် (၁၀ လက်မ× ၆ လက်မ) ထား၍ စိုက်ပျိုးနိုင်သည်။ မျိုးသန့်စပါးစိုက်ပျိုးရာတွင် စပါးပန်းပွင့်ချိန်တူမျိုးများဖြစ်ပါက လယ်တစ်ကွက်နှင့်တစ်ကွက် အနည်းဆုံး ၁၀ ပေအကွာစိုက်ပျိုးရမည်။ သို့မှသာ ဝတ်မှုန်ကူးချိန်တွင် အခြားမျိုးကွဲစပါးများ ရောနှောခြင်းမှ ကာကွယ်နိုင်မည်ဖြစ်သည်။ သိပ္ပံနည်းကျပျိုးပန်းများနှင့် ပျိုးထောင်၍ ရှစ်တန်းသွားကောက်စိုက်စက်ဖြင့်လည်း စိုက်ပျိုးနိုင်သည်။ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးပါက အချိန်ကုန်သက်သာပြီး ကုန်ကျစရိတ်လည်း သက်သာမည်ဖြစ်သည်။ ကောက်စိုက်ပြီး တစ်ပတ်မှ ၁၀ ရက်အတွင်း ကောက်ပင် အသေအပျောက်ဖာထေးပြီး ရက်ပေါင်း ၃၀ တွင် ပေါင်းမြက်ကင်းစင်အောင် ပေါင်းလိုက်တမန်းနိုး ဆောင်ရွက်ပေးရသည်။ စပါးပန်းပွင့်ပြီး ၁၄ ရက်ခန့်အကြာတွင် လိုအပ်သော သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများ ထည့်သွင်းပေးရမည်။ စိုက်ခင်း၏စပါးနှံများ ၈၅ ရာခိုင်နှုန်း ဝါလာပါက မောင်းညိုချိန်ဖြစ်၍ ရိတ်သိမ်းရန် အသင့်လျော်ဆုံးအချိန်ဖြစ်သည်။ ရိတ်သိမ်းရာတွင် ခြွေလှေ့စက်ကို အသုံးပြုရိတ်သိမ်းပါက အလေအလွင့် နည်းပါးပြီး လုပ်အားခစရိတ်စက သက်သာမည်ဖြစ်သည်။ ရိတ်သိမ်းခြွေလှေ့ပြီးစပါးများကိုအစိုဓာတ် ၁၃ ရာခိုင်နှုန်းအထိ အခြောက်ခံပြီးပါက မျိုးကောင်းမျိုးသန့် အရည်အသွေးကောင်းစပါးများကို ရရှိမည်ဖြစ်သည်။

ထို့ကြောင့် စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်ရေးအတွက် အထူးအထွက်တိုး မျိုးကောင်း မျိုးသန့်များ ပြောင်းလဲအသုံးပြုရန်၊ ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်အားအသုံးပြုရန်၊ သွင်းအားစု စိုက်ပျိုးရေးအပါအဝင် ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာ ပိုးမွှားရောဂါ ကာကွယ်ဆေးများကို အချိန်ကိုက်၊ အချိုးကျ ထိရောက်မှန်ကန်စွာသုံးစွဲရန်၊ မျိုးစေ့ရွေးချယ်အသုံးပြု၍ ပျိုးထောင်ချိန်မှစပြီး ရိတ်သိမ်းချိန်အထိ အလေအလွင့်ဆုံးရှုံးမှုနည်းအောင်ဆောင်ရွက်ရန်၊ ထွက်ရှိလာသည့် သီးနှံများကို အရည်အသွေးပြည့်မီရန်နှင့် တန်ဖိုးမြင့် ထုတ်ကုန်ချောအဆင့်အထိ ထုတ်လုပ်ပြီး တွက်ခြေကိုက်သည့်ဈေးနှုန်းဖြင့် ဈေးကွက်ခိုင်မာအောင် ဆောင်ရွက်ရန်ဟူသည့် အခြေခံလိုအပ်ချက် (၅)ချက်ကို လက်တွေ့ကျကျ ထိထိရောက်ရောက် ဆောင်ရွက်သွားမည်ဆိုပါက ကျေးလက်နေတောင်သူများ လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်လာပြီး ဆင်းရဲနွမ်းပါးမှု သိသိသာသာလျော့ကျလာနိုင်မည်ဖြစ်ပါကြောင်း။ ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၇-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း မင်္ဂလာသုတ်
၅:၂၀	MRTV-4 သတင်း
၅:၅၀	**ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ** တရားတော် (အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဒေါက်တာ နန္ဒမာလာဘိဝံသ)
၆:၃၅	ထင်ရှားဖူးမြော် ပင်းတယ ရွှေဥမင်သဘာဝလိုဏ်ဂူတော်
၆:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၇၄)
၇:၃၀	MRTV-4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၁၆)
၈:၅၀	ဧရာဝတီနှင့် ပန်းတင့်သည့် ဆောက်လုပ်ရေး၏ စွမ်းအားဂုဏ်ရည် …ဧရာဝတီတံတား (ညောင်တုန်း)
၉:၁၀	(ET Foundation) မျက်စိအခမဲ့ ခွဲစိတ်ကုဆေးရုံကြီးလှူဒါန်းပွဲ
၉:၃၀	Sunday Talk (သစ္စာနီ၊ မျိုးမြတ်သူ)
၁၀:၀၀	ရွှေလက်ကမ်းလို့ကြိုနေမည့် စလင်းမြေ
၁၀:၂၀	Activities in the City (ပြန်လည်ဝေဆာလာသော ပိတောက်နွယ်မဂ္ဂဇင်း)
၁၀:၄၀	ဗီဒီယိုပြခန်း
၁၁:၀၀	ရခိုင်ပြည်နယ် ဓမ္မာရုံမှ အလှူတော်မင်္ဂလာ
၁၁:၂၅	ကျီးပေါင်းရောဂါ (ပါမောက္ခ ဒေါက်တာချစ်စိုး)
၁၁:၄၅	ဝိတိုရိယအထွေထွေရောဂါကု ဆေးရုံသစ်ကြီးဖွင့်ပွဲအခမ်းအနား
၁၂:၃၀	**ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ** တရားတော် (အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ နန္ဒမာလာဘိဝံသ)
၁:၃၀	ပထမအကြိမ်ကမ္ဘာ့ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ ၂၀၁၁ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
၄:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၁၆)
၅:၂၅	ဆယ်ကျော်သက်တို့ရဲ့ ရင်ခုန်သံမေးခွန်းများ (အပိုင်း-၂)
၆:၀၀	MRTV-4 သတင်း
၆:၂၀	Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၆:၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၇၅)
၇:၂၀	သွားမယ်စားမယ်(The Prome)
၇:၄၀	ဓနုဖြူမြို့နယ် သပြုကျေးရွာမှ ကျောင်းဆောင်သစ်လွှဲအပ်ပွဲနှင့် ၂၀၁၀/၂၀၁၁ ပညာသင်နှစ် ဆရာ၊ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ဂုဏ်ပြုပွဲ အခမ်းအနား
၈:၀၀	MRTV-4 သတင်း
၈:၃၀	**စကားနပန်း** (တပည့်မွေးတာကောင်းတယ်၊ တပည့်မမွေးတာကောင်းတယ်)
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၁၇)
၁၀:၃၀	14th Fina World Championship Shanghai 2011
၁၁:၃၀	ဟိုတယ်လမ်းညွှန် (Silver Swan)
၁၁:၄၅	ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၄၀)
၁၂:၀၀	တောင်ပေါ်ကမ္ဘာမှ အပန်းဖြေနားခိုရာများ
၁၂:၁၅	ရွှေမန္တလေးမှရွှေပန်းထိမ်
၁၂:၂၅	အောင်မြင်သူတို့ဘဝ (ကျော်ကြားသူတို့၏ မီလီယံတန်သော ကလေးများ)
၁၂:၅၀	လက်ဖက်ရဲ့အဖော် နှစ်ပြန်ကြော်
၁:၀၀	ကံပေါက်ဒေသမှ လှေလာစရာများ
၁:၂၀	Colorful System of River
၂:၀၅	ဖန်တီးသူနှင့် အနုပညာ (ချမ်းချမ်း) (အပိုင်း-၂)
၂:၃၅	သူဌေးကျွန်းနှင့် Ecotourism
၃:၀၀	ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာမေမြတ်ဝါဆို)
၃:၂၅	စွဲမက်ဖွယ်ရာ ရတနာ (ကြည်လင်အေးမြ မြကျောက်အလှ) (အပိုင်း-၂)
၃:၅၀	ပတ္တမြားမြေသို့ အလည်တစ်ခေါက်
၄:၁၀	ယုံကြည်စိတ်ချသူတို့ဘဝ
၄:၃၅	ရေပျော်ငှက်၏ တောင်ပံခတ်သံ

MRTV-4 အစီအစဉ်များကို
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင်
ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင်
UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့်အဖွဲ့ ဇူလိုင် ၅ ရက်က ဖားကန့်မြို့မဈေးကြီး မီးဘေးလုံခြုံရေး သရုပ်ပြလေ့ကျင့်မှုကို စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်လင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ဝင်းတို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

မြေပုံမြို့ မြို့ပတ်လမ်း လမ်းဘေးဝဲယာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ အရိပ်ရပင်များ စိုက်ပျိုးခြင်းကို ဇူလိုင် ၃ ရက်က အမှုဆောင်အရာရှိ ဦးမောင်တင်အောင် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဒီပဲယင်းမြို့နယ် အင်ဘုတ်အုပ်စု ဝန်းရံကျေးရွာအတွက် စက်ရေတွင်း အလှူရှင်များလှူဒါန်းသော စက်ရေတွင်း၊ ရေစက်ရုံ၊ ရေကန်ဆောက်လုပ်ပြီးစီးမှုကို ဇူလိုင် ၅ ရက်က အမှုဆောင်အရာရှိ ဦးတိုးကြည်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝေလင်းရှိန်တို့ စစ်ဆေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် ဇွန် ၂၂ ရက်တွင် ကျောင်းကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့အဝင် လမ်းဘေးဝဲယာ မြေယာရှုခင်းဆောင်ရွက်ထားရှိမှုကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန့်ဇင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

မိုင်းဖြတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ပြည်ထောင်စုလမ်းမကြီးဘေးဝဲယာတွင် ပန်းအလှပင်များ စိုက်ပျိုးခြင်းနှင့် ချုံနွယ်များ ရှင်းလင်းခြင်းကို ဇွန် ၁၁ ရက်က အမှုဆောင်အရာရှိ ဦးဝင်းနိုင်ဦး ကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

 ပြည်တွင်းအားကစား ပြည်တွင်းအားကစား

တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသား အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ပိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

➤ သတင်းမှတ်စုနှင့် ဓာတ်ပုံ- တင်စိုး (မြန်မာ့အလင်း) ➤

ရန်ကုန် ဇူလိုင် ၂၃

၂၀၁၁ ခုနှစ် (၄၂)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ်အမျိုးသား တံခွန်စိုက် အလွတ်တန်း အမျိုးသား အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲနှင့် အသက်(၂၀)

အမျိုးသားအလွတ်တန်း ဘတ်စကက်ဘောပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်း ဆွတ်ခူးသွားသော DGH အသင်းအား ဆုယူအပြီး တွေ့ရစဉ်။

အောက် အမျိုးသား ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ နံနက် ၈ နာရီက အောင်ဆန်းအားကစားကွင်း မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။

ဗိုလ်လုပွဲတွင် အမျိုးသား အလွတ်တန်းပြိုင်ပွဲ၌ DGH အသင်းနှင့် Fire Wolf အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရာ DGH အသင်းက Fire Wolf အသင်းကို ရမှတ် ၇၅-၇၃ မှတ်ဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ဆက်လက်၍ ဆုပေးပွဲကိုကျင်းပရာ အသက်(၂၀)အောက် အမျိုးသားပြိုင်ပွဲတွင် ပထမ သံလွင်အသင်း၊ ဒုတိယ DGH အသင်း၊ တတိယ ဘယ်နွှန်အသင်းတို့အား ဆုတံဆိပ်နှင့် ငွေသားဆုများကိုအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ချီးမြှင့်ကြသည်။

ချီးမြှင့်

ထို့နောက် အမျိုးသမီး အလွတ်တန်းပြိုင်ပွဲတွင် ပထမ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်း၊ ဒုတိယ အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်း၊ တတိယ ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့အား ဆုတံဆိပ်နှင့် ငွေသားဆုများကို နာယကများနှင့် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီတို့က ချီးမြှင့်ကြသည်။

တံခွန်စိုက်ဒိုင်း

ယင်းနောက် အလွတ်တန်း အမျိုးသမီး ပြိုင်ပွဲတွင် ပထမဆုရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းအား တံခွန်စိုက်ဒိုင်းနှင့် ဆင့်ပွားဒိုင်းကို မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဒေါ်ခင်ဆွေမြင့်ကလည်းကောင်း၊ အသက်(၂၀)အောက် အမျိုးသားပြိုင်ပွဲတွင် ပထမဆုရ သံလွင်အသင်းအား တံခွန်စိုက်ဒိုင်းကို အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြင့်သိန်းကလည်းကောင်း၊ အလွတ်တန်း အမျိုးသားပြိုင်ပွဲတွင် ပထမဆုရ DGH အသင်းအား နာယကပါမောက္ခ ဒေါက်တာစိန်မြင့်က လည်းကောင်း တံခွန်စိုက်ဒိုင်းနှင့် ဆင့်ပွားဒိုင်းတို့ကို ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

၂၀၁၁ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များတွင် အမှတ်(၁) နေပြည်တော် အားကစားကွင်း၌ သစ်တောရေးရာ ဝန်ကြီးဌာနအသင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

(သတင်းစဉ်)

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဇူလိုင် ၂၃

၂၀၁၁ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် သတ်မှတ်နေရာအသီးသီး၌ ဆက်လက်ကျင်းပရာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

ယှဉ်ပြိုင်အနိုင်ရ

ယနေ့ပွဲစဉ်များအဖြစ် အမှတ်(၁) နေပြည်တော်အားကစားကွင်း၌ သစ်တောရေးရာဝန်ကြီးဌာနအသင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနအသင်းတို့ ဂိုးမရှိ သရေဖြင့်လည်းကောင်း၊ အမှတ်(၂) နေပြည်တော်အားကစားကွင်း၌ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနအသင်းက ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးအသင်းကို ကိုးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း၊ နေပြည်တော်လယ်ဝေးအားကစားကွင်း၌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းက ရထားပို့ဆောင်ရေးဝန်ကြီးဌာနအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသွားကြသည်။

ယှဉ်ပြိုင်ကစားမည်

ဇူလိုင် ၂၅ ရက် ပွဲစဉ်များအဖြစ် အမှတ်(၁) နေပြည်တော်အားကစားကွင်း၌ အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်း၊ အမှတ်(၂) နေပြည်တော်အားကစားကွင်း၌ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်း၊ နေပြည်တော်လယ်ဝေးအားကစားကွင်း၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းနှင့် စွမ်းအင်ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



လူကာမိုဒရစ်အား ချယ်လ်ဆီးခေါ်ယူမည်

လန်ဒန် ဇူလိုင် ၂၃

ချယ်လ်ဆီးအသင်းက စပါးအသင်းကွင်းလယ်ကစားသမား လူကာမိုဒရစ် **(ဝဲပုံ)** အား ပြောင်းရွှေ့ကြေးပေါင် ၃၅ သန်းပေးပြီး ခေါ်ယူရန်စီစဉ်နေကြောင်း ချယ်လ်ဆီးအသင်းက ဇူလိုင် ၂၃ ရက်၌ သတင်းထုတ်ပြန်သည်။

လူကာမိုဒရစ်အား ခေါ်ယူရန်အတွက် ချယ်လ်ဆီးအသင်းသည် ပထမအကြိမ် ပြောင်းရွှေ့ကြေးပေါင် ၂၂ သန်းပေးခဲ့ရာ စပါးအသင်းက ပယ်ချခဲ့သဖြင့် ဒုတိယအကြိမ်၌ ပြောင်းရွှေ့ကြေးပေါင် ၂၇ သန်းပေးမည်ဟု ကမ်းလှမ်းခဲ့သော်လည်း စပါးက ထပ်မံပယ်ချခဲ့သည်။

ထို့ကြောင့် ယခုအခါ ပြောင်းရွှေ့ကြေးပေါင် ၃၅ သန်းပေးမည်ဟု ချယ်လ်ဆီးအသင်းက စျေးတိုးမြှင့်ခေါ်ယူရန် စီစဉ်နေခြင်းဖြစ်သည်။ ခရိုအေးရှားကစားသမား မိုဒရစ်သည် အသင်း၌အားထားရသော ကစားသမားဖြစ်သဖြင့် စပါးနည်းပြဖြစ်သူ ဟာရီရက်နက်က ထုတ်ရောင်းလိုခြင်းမရှိချေ။

စပါးအသင်းက လာမည့်ဘောလုံးရာသီ၌ အောင်မြင်မှုများရရှိရေးနှင့် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရေးမှာ လူကာမိုဒရစ်ကဲ့သို့ ကစားသမားများ အသင်း၌ရှိနေသင့်ကြောင်း အကြံပြုထားသော်လည်း စပါးအသင်းဥက္ကဋ္ဌ ဒန်နီရယ်လီဗီက ရောင်းထုတ်ရန် ဆန္ဒရှိနေသည်။ **(အင်တာနက်)**

ဂျပန်ကွင်းလယ်ကစားသမား ဟာဆီဘီ ဝုလ်ဖ်ဘတ်အသင်းနှင့် စာချုပ်သစ်ချုပ်ဆို

ဘာလင် ဇူလိုင် ၂၃

ဂျပန်ဘောလုံးအသင်းနှင့် ဂျာမနီကလပ် ဝုလ်ဖ်ဘတ် ကွင်းလယ်ကစားသမား မာကိုတုဟာဆီဘီ(ယာပုံ) အား ဝုလ်ဖ်ဘတ်အသင်းက ၂၀၁၄ ခုနှစ်အထိ စာချုပ်သစ်တစ်ရပ် ထပ်မံချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း ဝုလ်ဖ်ဘတ်အသင်းက ဇူလိုင် ၂၃ ရက်၌ သတင်းထုတ်ပြန်သည်။

အသက် ၂၇ နှစ်အရွယ်ရှိ မာကိုတိုဟာဆီဘီသည် ဝုလ်ဖ်ဘတ်အသင်းသို့ ၂၀၀၈ ခုနှစ်၌ စတင်ရောက်ရှိခဲ့ပြီး ယင်းနှစ်၌ပင် ဂျာမန်ဘွန်ဒက်စ်လီဂါဖလားကို ဆွတ်ခူးနိုင်ရေး စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။ ဟာဆီဘီသည် ဝုလ်ဖ်ဘတ်အသင်းအတွက် စုစုပေါင်း ၈၈ ပွဲ ကစားပေးထားပြီး နှစ်ဂိုးသွင်းယူပေးထားသည်။

ဟာဆီဘီအနေဖြင့် စာချုပ်အသစ် ထပ်မံချုပ်ဆိုခြင်းကို လက်ခံသဘောတူမှုအတွက် ဝမ်းမြောက်ကြောင်း ဝုလ်ဖ်ဘတ်အသင်းနည်းပြ ဖီလစ်မာဂတ်က ပြောကြားသည်။ ဟာဆီဘီသည် ဂျပန်ဘောလုံးအသင်း ခေါင်းဆောင်တစ်ဦးလည်းဖြစ်ပြီး ဂျပန်အသင်းအတွက် ယခုအချိန်အထိ ၄၃ ပွဲ ကစားပေးထားရာတွင် နှစ်ဂိုးသွင်းယူထားသော ဘောလုံးသမားဖြစ်သည်။ (အင်တာနက်)



မောင်မောင်မြင့်ဆွေ - စုစည်းသည်

ကွင်းလယ်ကစားသမား ဆန်ချက်ဇ်အား ဘာစီလိုနာအသင်းက ခေါ်ယူ

မက်ဒရစ် ဇူလိုင် ၂၃

အီတလီစီးရီးအေကလပ် အူဒီးနီးစ်အသင်းမှ ချီလီနိုင်ငံသား ကွင်းလယ်ကစားသမား ဆန်ချက်ဇ်အား ဘာစီလိုနာအသင်းက ယခုနှစ် နွေရာသီဘောလုံးသမား အပြောင်းအရွှေ့ကာလ၌ ပထမဆုံး စာချုပ်ချုပ်ဆို ဝယ်ယူလိုက်ပြီဖြစ်ကြောင်း ဘာစီလိုနာအသင်းက ဇူလိုင် ၂ ရက်၌ သတင်းထုတ်ပြန်သည်။

စီစဉ်ထား

အသက် ၂၂ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဆန်ချက်ဇ်အား ဘာစီလိုနာက ပြောင်းရွှေ့ကြေး ယူရို ၂၆ သန်းဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ၄င်းအား ငါးနှစ်စာချုပ်ချုပ်ဆိုထားပြီး ကွင်းလယ်ကစားသမားအဖြစ် ဦးစားပေးပွဲထွက်ကစားရန် နည်းပြဂွါဒီယိုလာက စီစဉ်ထားသည်။

စီးရီးအေအကောင်းဆုံးဘောလုံးသမား ဆန်ချက်ဇ်

ခေါ်ယူ

ဘာစီလိုနာ၏ အဓိကပြိုင်ဘက် ရီးရဲမက်ဒရစ်အသင်းက ကစားသမားအသစ် ငါးဦးခေါ်ယူကာ လာလီဂါဖလား ရယူရန်ပြင်ဆင်နေချိန်တွင် ဘာစီလိုနာက ဆန်ချက်ဇ်တစ်ဦးတည်းသာ ခေါ်ယူလိုက်ခြင်းဖြစ်သည်။

ဆန်ချက်ဇ်သည် ဘာစီလိုနာအသင်းသို့ လာမည့်သီတင်းပတ်၌ ရောက်ရှိမည်ဖြစ်သော်လည်း ဘာစီလိုနာနှင့်အတူ ဩဂုတ် ၈ ရက်မှသာ လေ့ကျင့်နိုင်မည်ဖြစ်သည်။ **(အင်တာနက်)**

ဆားလင်းကြီးမြို့နယ်အတွင်းရှိ ရေလှောင်တမံများ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၃

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးသည် ဇူလိုင် ၂၁ရက် နံနက်ပိုင်းက ဆားလင်းကြီးမြို့နယ် ဖောင်းကတာ ရေလှောင်တမံ၌ တမံအတွင်း ရေဝင်ရောက်မှုနှင့် တမံပတ်ဝန်းကျင် စိမ်းလန်းစိုပြည်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်၌ တိုင်းဒေသကြီးဆည်မြောင်းဦးစီးဌာနညွှန်ကြားရေးမှူး ဦးမျိုးဝင်းက ရေလှောင်တမံမှ ရေပေးဝေနေမှုနှင့် မိုးသီးနှံ၊ နွေသီးနှံ ဆည်ရေရရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဆားလင်းကြီးရေလှောင်တမံနှင့် ငွေသာရေလှောင်တမံတို့သို့ သွားရောက်၍ တမံအတွင်း ရေဝင်ရောက်မှုကို ကြည့်ရှုစစ်ဆေးပြီး **(ယာပုံ)** ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ စီးပွားရေးတို့နှင့်စပ်လျဉ်း၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဆားလင်းကြီးမြို့ ချည်မျှင်နှင့် အထည်စက်ရုံ၌ ဗိုင်းတောင့်စက်၊ တညင်းလုံးစက်၊ ချည်ငင်စက်၊ ချည်ကတော့စက်၊ လွန်းပြောင်းရက်ကန်းစက်၊ ပိတ်စစ်စက်၊ ပိတ်ခေါက်စက်တို့ဖြင့် လုပ်ငန်းများလည်ပတ်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အစားအစာချက်ပြုတ်နည်းများ သင်တန်းသစ်ဖွင့်မည်

ရန်ကုန် ဇူလိုင် ၂၃

နိုင်ငံတကာ Hotel များ၊ Restaurant များနှင့် အပျော်စီးသင်္ဘောလိုင်းများတွင် တာဝန်ထမ်းဆောင်လိုသူများနှင့် ကိုယ်ပိုင်လုပ်ငန်းများတွင် ကျွမ်းကျင်စွာ လုပ်ကိုင်လိုသူများအတွက် ရည်ရွယ်၍ နိုင်ငံတကာအဆင့် အစားအစာချက်ပြုတ်ပြင်ဆင်နည်း သင်တန်းအပတ်စဉ်အသစ်ကို ၂၀၁၁ ဩဂုတ်လ ပထမပတ်အတွင်း မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းအဖွဲ့ (MTB)၏ အသိအမှတ်ပြု Star Resources Hospitality & Tourism Management Academy တွင် ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်းကာလ

သင်တန်းတွင် In-ternational Hotel များ၊Restaurant များရှိ Kitchen ပိုင်းတွင် ချက်ပြုတ်သော အနောက်တိုင်းအစားအစာ၊ အရှေ့တိုင်းအစားအစာ ဟင်းပွဲများ ပြုလုပ်ပြင်ဆင်နည်း၊ အလှဆင်နည်းများနှင့်အတူ Menu Plan ရေးဆွဲနည်းများ၊ Menu Costing တွက်ချက်နည်းများ၊ စားသုံးသူများ ကျန်းမာရေးနှင့် ညီညွတ်စွာ စားသုံးနိုင်ရန်အတွက် ဘေးကင်းမှု Food Safety၊ Quality Management of Kitchen Operation စသည်တို့ကို သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ သုံးလကြာမြင့်မည် ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

ထို့ပြင် International Hospi-tality Management Course သင်တန်းအပတ်စဉ်အသစ်နှင့် IELTS Fo-undation Course နှင့် Preparation Course သင်တန်းအပတ်စဉ်အသစ်ကိုလည်း ဩဂုတ်လ ပထမပတ်အတွင်း ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality & Tourism Manage-ment Academy တိုက် (၂၆၇) အခန်း ၃၀၂ ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ဖုန်း-၅၂၃၆၂၃၊ ၅၂၃၂၀၀၊ ၀၉-၅၀၂၀၃၀၂ တို့ထံသို့ ဆက်သွယ်စုံစမ်း၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

အထက်တန်းကျောင်းအဆင့်တိုးမြှင့်ပွဲ ကျောက်ပန်းတောင်းမြို့နယ်၌ ကျင်းပ

ကျောက်ပန်းတောင်း ဇူလိုင် ၂၃

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် တောင်ဦးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲကို ဇွန် ၂၇ ရက် နံနက် ၉ နာရီက အဆိုပါ ကျောင်းမုခ်ဦးရှေ့၌ ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကြသော ဦးတိုင်းအေးနှင့် ဦးဝင်းမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မြင့်သိန်း၊ မြို့နယ်ပညာရေးမှူးဒေါ်ခင်ညိုနှင့် ကျောင်းအကျိုးတော်ဆောင်ဦးနေလင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ တာဝန်ရှိသူများက အထိမ်းအမှတ်ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များပက်ဖျန်းပေးကြပြီးအမှတ်တရ သစ်ပင်များစိုက်ပျိုးပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးဝင်းမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်မြို့နယ်ပညာရေးမှူးတို့က အမှာစကားပြောကြားကြပြီး အထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူးကကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးထံ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မုဒုံမြို့ မြို့မ (၂) ရပ်ကွက် သိမ်ကျောင်းရပ်နေ ဦးတင်ရွှေမိသားစုက ဇွန် ၂၄ ရက်တွင် ဘိုးဘွားရိပ်သာ ငွေပဒေသာပင်အတွက် ငွေကျပ် နှစ်သိန်းကို မုဒုံမြို့ ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးပိုးရီထံ ပေးအပ်လှူဒါန်းစဉ်။
(မြို့နယ် ပြန်/ဆက်)

စုပေါင်းဆောင်ရွက်

ကဝမြို့ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းကို ဇွန် ၃၀ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်ငြိမ်တို့ ကြီးကြပ်လျက် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်ကျောင်းသား ကျောင်းသူများ စုပေါင်းဆောင်ရွက်ကြစဉ်။ (ပညာရေး)

ဝါးခယ်မမြို့ သာယာလှပရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ဇွန် ၃၀ ရက်က မင်းပိုင်းရပ်ကွက် နိဗ္ဗာန်လမ်းတွင်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မြေယာရှုခင်းအလှဆောင်ရွက်နေမှုကိုအမှုဆောင်အရာရှိ ဦးကျော်နိုင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးကျော်မျိုးအောင်တို့ ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၂၃

စာကြည့်တိုက်ပညာ သင်တန်းသားသင်တန်းသူများ စာအုပ်စာစောင်နှင့်ငွေပဒေသာပင်စိုက်ထူ

လယ်ဝေးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးကိုကိုကြီး ဦးဆောင်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အခြေခံစာကြည့်တိုက်ပညာ သင်တန်း(၁/၂၀၁၁)မှ သင်တန်းသား သင်တန်းသူများ ဇူလိုင် ၁၀ရက်က လယ်ဝေးမြို့နယ် သော်မှော်ကုန်းကျေးရွာအုပ်စု ဝဲကြီးကျေးရွာရှိ ပညာရွှေတောင်စာကြည့်တိုက်သို့သွားရောက်လေ့လာပြီး ဝဲကြီးကျေးရွာ အုပ်ချုပ်ရေးမှူး ဦးရွှေနှင့် စာကြည့်တိုက်ကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ စာကြည့်တိုက်လုပ်ငန်းကွင်းဆင်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ ဆက်လက်၍ သင်တန်းသား သင်တန်းသူများသည် စာကြည့်တိုက်အတွင်း စာကြည့်တိုက်လုပ်ငန်းများ၊ နံရံကပ်နှင့် ဓာတ်ပုံပြပွဲလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဇူလိုင် ၁၁ ရက် ညနေ ၅ နာရီခွဲတွင် ဝဲကြီးကျေးရွာ ပညာရွှေတောင်စာကြည့်တိုက်၌ စာအုပ်စာစောင်နှင့် ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲ ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)က လှူဒါန်းသော သုတရသစာအုပ်၊ စာစောင်များ၊ သင်တန်းသား သင်တန်းသူများက လှူဒါန်းသော သုတရသစာအုပ် စာစောင်များနှင့် ကျေးရွာပြည်သူများမှ စုပေါင်းလှူဒါန်းငွေ ၁၇၀၀၅၅ကျပ်တို့ကို သင်တန်းသား သင်တန်းသူများက ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် စာကြည့်တိုက်ကော်မတီဝင်များ၊ ရပ်မိရပ်ဖများထံ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဟသ်ာတခရိုင် ကြံခင်းမြို့နယ် ရေနံတောင်ကျေးရွာအုပ်စု ညောင်ဝိုင်းကျေးရွာ မြတ်ပညာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အတွက် ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲကို ဇူလိုင် ၆ရက်က အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ အလှူရှင်များက စုစုပေါင်းငွေကျပ် ၂၃၅၀၀၀ ကိုပေးအပ်လှူဒါန်းသဖြင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးစိုးဝင်း လက်ခံယူစဉ်။ (မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက်အားပေးကူညီဆောင်ရွက်လျက်ရှိရာစေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များလှူဒါန်း လိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင် မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ရှေးဟောင်းအမွေအနှစ်များကို ပြုပြင်ထိန်းသိမ်းရာတွင် မူလစေတီ၏ ရှေးပန္နက်ပုံစံနှင့်အညီ ရှေးမူမပျက် ပြန်လည်ပြုပြင်ထိန်းသိမ်းမှုကို ခေတ်မီနည်းပညာဖြင့် ဆောင်ရွက်လျက်ရှိ

ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ မူဝါဒနှင့်ကိုက်ညီသည့် မည်သည့်နိုင်ငံ၊ မည်သည့်အဖွဲ့အစည်း၊ မည်သည့်ပုဂ္ဂိုလ်နှင့်မဆို ပူးပေါင်းဆောင်ရွက်သွားမည်

နေပြည်တော် ဇူလိုင် ၂၃

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ပုဂံရှေးဟောင်းသုတေသနပြတိုက် အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပုဂံဒေသရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ညောင်ဦးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်၊ ပုဂံဌာနခွဲ ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ ညောင်ဦးခရိုင်နှင့် မြို့နယ်မှ အုပ်ချုပ်ရေးမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတီတော်ဂေါပကဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ပုဂံဒေသရှိ ဟိုတယ်များ၊ တည်းခိုခန်းများမှ မန်နေဂျာများနှင့် ရှေးဟောင်းအမွေအနှစ် စေတီပုထိုးများအား ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်နေကြသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ယခုအစည်းအဝေးကို အဓိကရည်ရွယ်ချက် (၂)ရပ်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း၊ **ပထမရည်ရွယ်ချက်မှာ** ပုဂံညောင်ဦးဒေသရှိ တန်ဖိုးမဖြတ်နိုင်သည့် မြန်မာတို့၏ ရှေးဟောင်းအမွေအနှစ် ယဉ်ကျေးမှုလက်ရာ ဘုရား၊ ကျောင်း၊ ကန်၊ စေတီ၊ ပုထိုးများအား ပြုပြင်ထိန်းသိမ်းဆောင်ရွက်ရာတွင် နိုင်ငံတော်က ချမှတ်ဆောင်ရွက်လျက်ရှိသည့် မူဝါဒများ၊ အသုံးပြုဆောင်ရွက်လျက်ရှိသည့် ခေတ်မီနည်းစနစ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေသည့် အခြေအနေများကို ဒေသဆိုင်ရာ အာဏာပိုင်များ၊ ဒေသခံပြည်သူများသိရှိစေရန်နှင့် အားလုံးက ပူးပေါင်းပါဝင်၍ ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်နိုင်ရန်ဖြစ်ပြီး **ဒုတိယရည်ရွယ်ချက်မှာ** ယနေ့ လတ်တလောဆောင်ရွက်နေသည့် ပြုပြင်ထိန်းသိမ်းမွမ်းမံခြင်းလုပ်ငန်းများအပေါ် ညှိနှိုင်းပူးပေါင်းဆောင်ရွက်

စာမျက်နှာ ၉ ကော်လံ ၁ ❖

အမှာစကားပြောကြား

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ပုဂံဒေသရှိ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)